မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၁၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရန် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီတို့ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hanergy Holding Group Limited (Hanergy)၊ Goldwater Resources Limited (GRL) တို့ အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo၊ Economic and Commercial Counsellor Mr. Jin Honggen၊ Hanergy Holding Group Limited (Hanergy) မှ Board Chairman & CEO Mr. Li Hejun နှင့် တာဝန်ရှိသူများ၊ Goldwater Resources Limited (GRL) မှ Director Mr. Chua Chay Jin နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❍

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အမှာစကားပြောကြား

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သဘောတူညီမှု စာချွန်လွှာ လက်မှတ်ရေးထိုး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ **Hanergy Holding Group Limited (Hanergy)၊ Goldwater Resources Limited (GRL)** တို့ အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်)

ရောဂါဘယမဖြစ်ပွားရေး ကျန်းမာရေးအသိဖြင့် ကြိုတင်ကာကွယ်

မျက်မှောက်ကမ္ဘာတွင် ဆေးပညာရပ်များ တိုးတက်လာခဲ့သည်။ တိုးတက်လာသည့် ဆေးပညာအသစ် အဆန်းများကြောင့် ကမ္ဘာတစ်ဝန်း အသေအပျောက်အများဆုံးဖြစ်သည့် ငှက်ဖျားရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါတို့ကြောင့် သေဆုံးနှုန်းသည်ပင် ပြီးခဲ့သည့်နှစ်အတွင်း တစ်ဝက်ကျော် ကျဆင်းခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယနေ့ကာလတွင် အဖြစ်များသော ရောဂါများမှာ နှလုံးရောဂါ၊ သွေးတိုး၊ ဆီးချိုသွေးချို၊ အဆုတ်၊ ကင်ဆာစသည့် ရောဂါများဖြစ်ကြသည်။ ယင်းရောဂါများအနက် ကင်ဆာရောဂါနှင့် အဆုတ်ကင်ဆာရောဂါမှာ ပို၍ အဖြစ်များသည်။ အဆုတ်ကင်ဆာသည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ရပြီး ပါးစပ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာတို့ပါ ဖြစ်ပွားနိုင်သည်။

ဆေးလိပ်တွင် ပါရှိသည့် အဓိကဓာတ်ပစ္စည်းများမှာ နီကိုတင်းဖြစ်ပြီး စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးရွက်ကြီး ငုံခြင်းတို့သည် နှလုံးကိုပါ ထိခိုက်ပြီး နှလုံးသွေးကြောကျဉ်းခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်းများ ခံစားရဖွယ်ရှိသည်။

ဆေးလိပ်သောက်ခြင်းဖြင့် အဆုတ်ကင်ဆာဖြစ်သူများ ၈၀ရာခိုင်နှုန်းမှ ၉၀ရာခိုင်နှုန်းအထိ ရှိပြီး သေဆုံးရသူများ၏ ၃၀ရာခိုင်နှုန်းသည် ဆေးလိပ်၏ ဆိုးကျိုးကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာက ထောက်ပြသည်။

အဆုတ်ကင်ဆာအပါအဝင် ကင်ဆာရောဂါကာကွယ်ရေးအတွက် အဓိကအကျဆုံး လိုအပ်ချက် လေးခုဖြစ်သည့် ဆေးလိပ်လုံးဝ မသောက်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်ကိုသာ သုံးဆောင်ရေးနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ရေး၊ အရက်သောက်သုံးမှုကို ဆင်ခြင်ရေး၊ ကင်ဆာဖြစ်စေတတ်သော ကူးစက်တတ်သည့် ရောဂါများမဖြစ်ရန် ကာကွယ်ရေးတို့ကို ဂရုပြုလိုက်နာကျင့်သုံးပါက ရောဂါအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

ရောဂါဖြစ်ပွားမှ ကုသသည်ထက် မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေရာ လူတိုင်းသက်တမ်းစေ့ သက်ရှည် ရှင်သန်နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးအသိဖြင့် သတိပြုဆင်ခြင်နေထိုင်သွားသင့်ကြပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၁၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၂၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၀၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေခဲပြင်မရှိတော့တဲ့ အာတိတ်ဒေသ** (အပိုင်း-၆)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရှာ** ဟာသဇာတ်လမ်းတွဲ **မျက်တော်ဖြေ** သူရှုနှ၊ ဝင့်သပြေထွန်း
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ လျှပ်တစ်ပြက်
၂၂။ ရှင်သန်နေသော သီချင်းများ တေးသံရှင် နွဲ့ယဉ်ဝင်း ယနေ့မှစ၍ နှစ်တစ်ရာတိုင်စေ
၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၁၆)

မကွေးတိုင်းအတွင်းရှိ အခွန်ဦးစီးဌာနရုံးများ ညွှန်ကြားရေးမှူးချုပ် လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ဖေဖော်ဝါရီ ၁၉ရက်က တိုင်းအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနရုံးများကို လှည့်လည်စစ်ဆေးခဲ့ပြီး ဖေဖော်ဝါရီ ၂၀ရက်က မကွေးရှိ တိုင်းအခွန်ဦးစီးဌာနမှူးရုံး အဆောက်အအုံ၌ တိုင်းအတွင်းရှိ အခွန်မှူးများအားတွေ့ဆုံ၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ကုန်ဆုံးရန် ရက်အနည်းငယ်သာကျန်ရှိတော့ရာ အခွန်အရပ်ရပ် လျာထားချက်ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်၊ အခွန်ထမ်းပြည်သူများအား လေးစားစွာဆက်ဆံကြရန်နှင့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ပြုမူနေထိုင်ကြရန် ဆွေးနွေးမှာကြားသည်။ (ယာပုံ) (မကွေးကိုယ်ပွား)



သတင်းအတတ်ပညာ သင်တန်းသားများ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ သွားရောက်လေ့လာ

သတင်းမှတ်စု - ဆုလာဘ်သူနှင့် ဆုမြတ်သူ(သတင်းအတတ်ပညာ)၊ ဓာတ်ပုံ - ဇင်ဇင်လှိုင်းနွယ်(သတင်းအတတ်ပညာ)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သတင်းအတတ်ပညာ ဒုတိယနှစ်သင်တန်းသားများ၏ လက်တွေ့လေ့လာရေးခရီးအဖြစ် ယမန်နေ့ မွန်းလွဲ ၁နာရီက ဗဟန်းမြို့နယ် အမှတ် ၁၅၀ ငါးထပ်ကြီးဘုရားလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့သွားရောက်လေ့လာကြရာ ရှေးဦးစွာ စက်ရုံတွင် ဒုတိယအထွေထွေမန်နေဂျာဦးကိုကိုနိုင်**(အောက်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စက်ရုံ၏လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ စက်ရုံမှူး ဦးနိုင်အောင်လွင်က စက်ရုံ၏သမိုင်းကြောင်းနှင့် စက်ရုံ၏ အဓိက ဆောင်ရွက်နေမှုများကို ရှင်းပြပြီးနောက် သက်ဆိုင်ရာဝန်ထမ်းများက ၎င်းတို့ တာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

လှည့်လည်လေ့လာ

ထို့နောက် ဒုတိယနှစ် သတင်းအတတ်ပညာသင်တန်းသား၊ သင်တန်းသူများ၏ လေ့လာရေးအထိမ်းအမှတ်အလံကို အမှတ်တရပေးအပ်ရာ စက်ရုံမှူး ဦးနိုင်အောင်လွင်က လက်ခံယူပြီးနောက် သင်တန်းသား၊ သင်တန်းသူများကို အဖွဲ့သုံးဖွဲ့ခွဲ၍ တာဝန်ရှိသူများက ဦးဆောင်ကာ စက်ရုံအတွင်း လှည့်လည်လေ့လာကြသည်။ **(မြန်မာ့အလင်း)**

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ခတ္တာလမ်း (အေးသာယာ)မြို့ပြကတ္တရာလမ်း ခင်းကျင်းပြီးစီးမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံယူကြသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထိန်ဝင်းက ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဒေါက်တာဖေသန်းထွန်းနှင့်အဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်း၍ သုတေသနတွေ့ရှိချက်များကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်မှ ငှက်ဖျားရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်လင်းက သွေးလွန်တုပ်ကွေးရောဂါနှင့် ချီကန်ဂန်ရောဂါအကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးမှူး ဒေါက်တာစိုးဝင်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝိုင်းဝန်းဆွေးနွေးကြကာ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုး အပြန်အလှန် လဲလှယ်

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တက်ရောက်လာကြသူများ အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

အမှာစကားပြောကြား

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hanergy Holding Group Limited (Hanergy) မှ Board Chairman & CEO Mr. Li Hejun က လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hanergy Holding Group Limited (Hanergy) မှ Board Chairman & CEO Mr. Li Hejun တို့သည် သဘောတူညီမှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများအား ဂျပန်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာပွင့်ဆန်း၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ဂျပန်နိုင်ငံ Shizuoka ပြည်နယ် မြန်မာချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌ Mr. Unno Tohru ခေါင်းဆောင်သော အဖွဲ့ဝင် ၁၃ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်မည့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိစ္စ၊ မြန်မာနိုင်ငံတွင် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ပြဋ္ဌာန်းထားသော ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် သတင်းနည်းပညာဆိုင်ရာလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ဝက်မွေးမြူရေးနှင့် ဝက်အူချောင်းထုတ်လုပ်ငန်း၊ Super Market လုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း စသည်တို့ကို လုပ်ကိုင်ရန် စိတ်ဝင်စားသည့် ကိစ္စနှင့် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါက အသင်းချုပ်မှ အကူအညီပေးမည့်ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hanergy Holding Group Limited (Hanergy) မှ Board Chairman & CEO Mr. Li Hejun တို့ အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင်တိုက်လေယာဉ် လေ့ကျင့်ပျံသန်းစဉ်ပျက်ကျ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

မနီလာ ဖေဖော်ဝါရီ ၂၅

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ခရိုးတောင်ကြား၌ ဖေဖော်ဝါရီ ၂၄ရက်က ဖိလစ်ပိုင်လေတပ်မှ အိုဗီ-၁၀ တိုက်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုအတွင်း တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်းနှင့် ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ သေဆုံးသွားသော တပ်ဖွဲ့ဝင်နှစ်ဦး၏ အမည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ၂၀၁၀ နိုင်ငံတကာ ကားပြပွဲတွင် လာရောက် လေ့လာသူများကို ဖေဖော်ဝါရီ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် ဆွေးနွေးမှု ဆူဒန်၏အခြေခံမူကို မစွန့်လွှတ်ဟုအတည်ပြု

ခါတွန် ဖေဖော်ဝါရီ ၂၅

ဆူဒန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးကိစ္စနှင့်ပတ်သက်သည့် မည်သည့်ဆွေးနွေးပွဲတွင်မဆို ဆူဒန်နိုင်ငံ၏ အခြေခံမူကို စွန့်လွှတ်မည်မဟုတ်သည့်အပြင် ဆူဒန်နိုင်ငံ၏ ထိပ်တန်းအကျိုးစီးပွားကိုလည်း လက်လွှတ်မည်မဟုတ်ကြောင်း ဆူဒန်နိုင်ငံက ဖေဖော်ဝါရီ ၂၁ရက်တွင် အတည်ပြုပြောကြားသည်။

တွေ့ဆုံဆွေးနွေး

မိမိတို့အနေဖြင့် အမေရိကန်နိုင်ငံနှင့် ပြုလုပ်သည့် မည်သည့်ဆွေးနွေးပွဲတွင်မဆို မိမိတို့၏ အခြေခံမူများနှင့် ဆူဒန်နိုင်ငံ၏ ဘုံအကျိုးစီးပွားအပေါ်၌သာ စိတ်ပါဝင်စားမှုရှိကြောင်းကို အတည်ပြုပြောကြားထားပြီးဖြစ်ကြောင်း ဒါဖာအရေးနှင့်ပတ်သက်၍ ဆူဒန်သမ္မတ၏ အကြံပေးအရာရှိအဖြစ်ဆောင်ရွက်နေသည့် ဂါဇီဆာလာလူဒင်က သတင်းထောက်များအားပြောကြားသည်။ ယင်းကဲ့သို့ပြောကြားခြင်းမှာ ဆူဒန်နိုင်ငံဆိုင်ရာ အမေရိကန် အထူးသံတမန်ကြီး စကော့ဂရာရှင်နှင့် ခါတွန်မြို့တွင် တွေ့ဆုံဆွေးနွေးအပြီးဖြစ်သည်။

အထောက်အကူပြု

တစ်ချိန်တည်းမှာပင် မိမိတို့သည် ဆူဒန်ပြဿနာကိုဖြေရှင်းရာ၌ အထောက်အကူဖြစ်စေမည့် မည်သည့်ရိုးသားစွာဆောင်ရွက်မှုမျိုးကိုမဆို ကြိုဆိုကြောင်း၊ ဆူဒန်ပြဿနာဟူသမျှကို ဖြေရှင်းနိုင်ရေးအတွက် အထောက်အကူပြုမည့် အမေရိကန်နိုင်ငံ၏ ရပ်တည်ချက်သဘောထားကိုလည်း စောင့်ကြို့နေပါကြောင်း ဆူဒန်သမ္မတ၏ အကြံပေးအရာရှိက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၁၀၀၀ ရှိပြီဟုကြေညာ

ကဘူးလ် ဖေဖော်ဝါရီ ၂၅

၂၀၀၁ ခုနှစ်တွင် အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ချိန်မှစပြီး အာဖဂန်နစ္စတန်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀အထိရှိသွားပြီဖြစ်သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ အာဖဂန်နစ္စတန်နှင့်အီရတ်နိုင်ငံ၌ စစ်ဘက်မှသေဆုံးခဲ့သူများမှတ်တမ်းကို ဖေဖော်ဝါရီ ၂၃ရက်က ဖော်ပြခဲ့ပြီးဖြစ်သည်။

များပြား

၂၀၁၀ခုနှစ် ပထမနှစ်လတွင် ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၅၄ဦး သေဆုံးခဲ့ပြီးဖြစ်ရာ ထိုနှစ်လသည် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုအများဆုံးလဖြစ်ကြောင်း၊ ယခင်နှစ် အလားတူကာလကထက် သေဆုံးသူ သိသိသာသာများပြားနေသည်ကို တွေ့ရှိရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လက်ရှိတပ်ဖြန့်ချထားသည့် တပ်ဖွဲ့ဝင် ၁၀၀၀၀၀ကျော်ကို နောက်ထပ် ၅၀၀၀၀ ထပ်ဖြည့်ပေးမည်ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမား သမ္မတအဖြစ်စတင်တာဝန်ယူကတည်းက အမိန့်ပေးထားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရိုးရာပွဲတော်

တရုတ်နိုင်ငံ ရှန်စီပြည်နယ် ကျောင်ချီဒေသရှိ မူလတန်းကျောင်း၌ (၁၅)ကြိမ်မြောက် ရိုးရာယဉ်ကျေးမှုပွဲတော်တွင် ကျောင်းသူလေးများ၏ ကပြဖျော်ဖြေနေဟန်ကို ဖေဖော်ဝါရီ ၂၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ယူအေအီးလူနေမှုအဆင့်အတန်း အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက၌ အမြင့်ဆုံးဖြစ်

အဘူဒါဘီ ဖေဖော်ဝါရီ ၂၅

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)သည် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတွင် လူနေမှုအဆင့်အတန်း အမြင့်ဆုံးနိုင်ငံဖြစ်လာသည်ဟု အာရေဘီယံဘိစနက်အမည်ရှိ ဒေသဆိုင်ရာ စီးပွားရေးဂျာနယ်တစ်စောင်တွင် ဖေဖော်ဝါရီ ၂၁ရက်က ဖော်ပြသည်။

အကောင်းဆုံး

ပင်လယ်ကွေ့နိုင်ငံတစ်နိုင်ငံဖြစ်သည့် အာရပ်စော်ဘွားများနိုင်ငံသည် ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၆၀အနက် ၁၅နိုင်ငံမြောက် အကောင်းဆုံးနိုင်ငံဖြစ်ကြောင်း အဆိုပါဂျာနယ်၌ ဆက်လက်ဖော်ပြထားသည်။ အီကော်နောမစ် အင်တဲလီးဂျင့်ယူနစ်(အီးအိုင်ယူ)၏ ၂၀၀၉ခုနှစ် လူနေမှုအဆင့်အတန်းစာရင်းဇယားများကိုကိုးကား၍ ယင်းကဲ့သို့ ဖော်ပြခြင်းဖြစ်သည်။

ဖော်ပြ

ယင်းလူနေမှုအဆင့်အတန်းအခြေအနေကို စီးပွားရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအပါအဝင် ကဏ္ဍအားလုံးကို ခြုံ၍ တွက်ချက်ဖော်ပြခြင်းဖြစ်သည်ဟုလည်း သိရသည်။

ထည့်သွင်းစဉ်းစား

ယူအေအီး၏လူနေမှုအဆင့်အတန်းကို တွက်ချက်ရာတွင် ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် အုပ်ချုပ်ရေးနှင့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ) ဖွံ့ဖြိုးတိုးတက်မှုကို ထည့်သွင်းတွက်ချက်ခြင်းဖြစ်ကြောင်း၊ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုကို တွက်ချက်ရာတွင် မိသားစုနှင့်ကျန်းမာရေး စောင့်ရှောက်မှု၊ လူ့သက်တမ်းအပြင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စများကိုပါ ထည့်သွင်းစဉ်းစားခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားဗုံး ပေါက်ကွဲမှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ ခိုင်ဘာဒေသ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယီမင်တိုက်ပွဲတွင် ကလေးငယ် ၁၈၇ဦး သေဆုံး ပြည်သူ့စစ်များအား ယူနီဆက်ဖ်ပြစ်တင်

ဆာနာ ဖေဖော်ဝါရီ ၂၅

ယီမင်နိုင်ငံမြောက်ပိုင်းဒေသတွင် သြဂုတ်လနောက်ပိုင်းမှ အစပြုဖြစ်ပွားသော စစ်ပွဲအတွင်း ကလေးငယ် ၁၈၇ဦးခန့်သေဆုံးကြောင်း ကုလသမဂ္ဂအရေးပေါ် ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)နှင့် ယီမင်ကလေးငယ်အခွင့်အရေးအဖွဲ့(ဆီယက်)တို့မှ ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကလေးငယ်များသေဆုံးရခြင်းအတွက် ယီမင်မြောက်ပိုင်းတွင် ရှီယာဟူသီသူပုန်တို့ကို တိုက်ခိုက်လျက်ရှိသော ပြည်သူ့စစ်များအား အစီရင်ခံစာတွင် ပြစ်တင်ထားသည်။

ကလေးငယ်အများစုသည် တိုက်ပွဲအတွင်းသေဆုံးခြင်းဖြစ်သည်။ ကလေးငယ် ၇၀၀၀၀ခန့်သည် ယီမင်မြောက်ပိုင်းရှိ ဆာဒါးနှင့်အမ်ရမ်မြို့များ၌ အခြေအနေမဲ့ဖြစ်နေကြသည်ဟု အထက်ပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အမေရိကန် ဒုံးကျည်ဖြန့်ကြက်ရေး ပိုလန်၌ အကောင်အထည်ဖော်ရေး စီစဉ်

ဝါဆော ဖေဖော်ဝါရီ ၂၅

ပိုလန်အစိုးရက လပေါင်းများစွာ စဉ်းစားပြီးခဲ့သည့်နောက် အမေရိကန်ပက်ထရီယော့ဒုံးကျည်များနှင့် ယင်းပစ္စည်းများကိုင်တွယ်ရန် အမေရိကန်တပ်ဖွဲ့ဝင်များအား ဧပြီလတွင် ပိုလန်နိုင်ငံ၌ ဖြန့်ကြက်ရန် စီစဉ်ထားကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

ဖြန့်ကြက်

ပက်ထရီယော့ဒုံးကျည်များနှင့် ယင်းပစ္စည်းများကိုင်တွယ်ရန် တပ်ဖွဲ့ဝင် ၁၀၀ပါ အုပ်စုတစ်စုကို ပထမအသုတ်အဖြစ် ပိုလန်မြောက်ပိုင်းရှိ မိုရတ်မြို့၌ ဧပြီလအတွင်း ဖြန့်ကြက်ရန် ပိုလန်ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်နေကြောင်း ပီအေပီသတင်းဌာနက ဖော်ပြသည်။

ပက်ထရီယော့ဒုံးကျည်စနစ်သည် အလယ်ပိုင်းဥရောပဒေသတွင် ဖြန့်ကြက်မည့် အမေရိကန်အစိုးရ၏ အစီအစဉ်မှ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ဆန့်ကျင်

ရေဒါနှင့် ကြားဖြတ်ဟန့်တားရေးဒုံးကျည်များ ပိုလန်နှင့် အိမ်နီးချင်းနိုင်ငံတို့တွင် ဖြန့်ကြက်ရန် ၂၀၀၈ခုနှစ်က သဘောတူထားသည့်အစီအစဉ်ကို အမေရိကန်အစိုးရက ဖျက်သိမ်းခဲ့ပြီး ယခုကဲ့သို့စီစဉ်ခဲ့ခြင်းဖြစ်သည်။ ရုရှားအစိုးရက ယင်းအစီအစဉ်သည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေသည်ဟု ပြောကြားကာ ဆန့်ကျင်လျက်ရှိသည်။ **(အင်တာနက်)**

မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်မှု ပါကစ္စတန်လူမျိုးစုဒေသ၌ သုံးဦးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၅

ပါကစ္စတန် အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ အမေရိကန်မောင်းသူမဲ့ လေယာဉ်များက ဖေဖော်ဝါရီ ၂၄ရက်တွင် ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သုံးဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့သည် ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်ရှိ စစ်သွေးကြွများ ပုန်းအောင်းရာနေရာကို ပစ်မှတ်ထား၍ ယခုသီတင်းပတ်အတွင်းမှာပင် ထိုးစစ်များဆင်နွှဲလျက်ရှိရာ အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုသည် ဒုတိယအကြိမ်ဖြစ်သည်ဟု ဆိုသည်။

ယင်းသို့ အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အယ်လ်ခိုင်ဒါ ခေါင်းဆောင်များနှင့် တာလီဘန်စစ်သွေးကြွများစွာ သေဆုံးခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်နိုင်ငံပိုင် ရီဆာလတ်ရေနံမြေ မလေးရှားတူးဖော်ရန် သဘောတူညီ

တီဟီရန် ဖေဖော်ဝါရီ ၂၅

အီရန်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့ရှိ အီရန်ပိုင် ရီဆာလတ်ရေနံမြေ၌ ရေနံတွင်းတူးဖော်ရေးအတွက် အမေရိကန် ဒေါ်လာ သန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံရေးကိစ္စနှင့်ပတ်သက်၍ မလေးရှားကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်ရရှိပြီးဖြစ်ကြောင်း အီရန်အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

ပြောကြား

ရေနံတူးဖော်ရေးစီမံကိန်းအတွက် အမှုဆောင်ကန်ထရိုက်များကို ရွေးချယ်ပြီးဖြစ်ကြောင်း၊ ယင်းရေနံတူးဖော်ရေးစီမံကိန်း၏ အခြေခံဒီဇိုင်းပုံစံများကို လေ့လာပြီးစီးတော့မည်ဖြစ်ကြောင်း အီရန်ကမ်းလွန်ရေနံကုမ္ပဏီ(အိုင်အိုအိုစီ)အကြီးအကဲက အီရန် မီဒီယာသတင်းဌာနကို ဖေဖော်ဝါရီ ၂၂ရက်တွင် ပြောကြားသည်။

ယင်းရေနံတွင်းမှ ရေနံထုတ်လုပ်နိုင်မှုပမာဏသည် လက်ရှိတစ်နေ့လျှင် စည်ပေါင်း ၃၇၀၀၀ရှိရာမှ ၄၇၀၀၀အထိ တိုးလာမည်ဖြစ်ကြောင်း အိုင်အိုအိုစီအကြီးအကဲက ပြောကြားသည်။ ***(အင်တာနက်)***

အောင်မြင်ကျော်ကြား တောင်ကိုရီးယား အနုပညာကြယ်ပွင့်များ

ပြည်ပအနုပညာသတင်းမှတ်စု - မိုးမြင့်လင်းလက် ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

ဆိုးလ် ဖေဖော်ဝါရီ ၂၅

တောင်ကိုရီးယားအနုပညာရှင်များက ကမ္ဘာကျော်သည်။ ပရိသတ်ကို သရုပ်ဆောင်မှုအတတ်ဖြင့် ဆွဲဆောင်နိုင်စွမ်းရှိသည်။ ဇာတ်လမ်းဇာတ်အိမ်ခိုင်မာမှု၊ အနုပညာရှင်များ၏ သရုပ်ဆောင်ပိုင်နိုင်မှုတို့ကြောင့် ပရိသတ်များအနေဖြင့် တောင်ကိုရီးယား ရုပ်မြင်သံကြားဇာတ်လမ်းတွဲများတွင် နစ်မြောစွာ ခံစားကြည့်ရှုအားပေးကြသည်။ ထို့ကြောင့် ပရိသတ်ကြိုက်နှစ်သက်သည့် တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်အချို့၏ လှုပ်ရှားမှုများကို ဖော်ပြလိုက်ရပါသည်။

လီဂန်ဆော့(ဟန်ဂျွန်ဆိုး)

ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ လီဂန်ဆော့အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် တောင်ကိုရီးယား အမျိုးသားရုပ်ရှင်သရုပ်ဆောင် ဟန်ဂျွန်ဆိုးသည် လူငယ်ပရိသတ်များ အသည်းစွဲ ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ Family Honor ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြင့် နာမည်ကြီးခဲ့သူဖြစ်သည်။ ဟန်ဂျွန်ဆိုးသည် အေးဆေး တည်ငြိမ်သော သရုပ်ဆောင်မှုများ၌ ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သူဖြစ်သည်။ ဟန်ဂျွန်ဆိုး ပါဝင်သရုပ်ဆောင်ထားသည့် အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော Brilliant Legacy ရုပ်ရှင်ဇာတ်လမ်းမှာ လူကြိုက်များခဲ့သည်။ ပရိသတ် တောင်းဆိုမှုအရ လာမည့်ဧပြီလတွင် ထပ်မံထုတ်လွှင့် ပြသရန် စီစဉ်လျက်ရှိသည်။ ဟန်ဂျွန်ဆိုး (လီဂန်ဆော့)အား တရုတ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ ပရိသတ်များက အလည်လာရောက်ရန် ဖိတ်ခေါ်ထားသည်။ ထို့ကြောင့် ဟန်ဂျွန်ဆိုးသည် ဧပြီလဆန်း၌ ပြည်ပခရီးထွက်ရန် စီစဉ်ထားသည်။ ပထမဆုံးခရီးစဉ်မှာ ဂျပန်ဖြစ်ပြီး ဒုတိယခရီးစဉ်မှာ တရုတ်ဖြစ်သည်။

လီဂန်ဆော့(ဟန်ဂျွန်ဆိုး)

လီဂျွန်ကီ

ရာဇဝင်ထဲက ချစ်ပုံပြင် တောင်ကိုရီးယား ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ နဂါးလေးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ၂၀၁၀ခုနှစ်၌ တောင်ကိုရီးယား အမျိုးသားသရုပ်ဆောင်များအနက် အကျော်ကြားဆုံး သရုပ်ဆောင်တစ်ဦးဖြစ်သည်။ နာမည်ကြီးခဲ့သည့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများမှာ The King and the Clown၊ The Hotel Venus၊ Flying Boys စသည်တို့ဖြစ်သည်။

လီဂျွန်ကီ

၂၀၀၉ခုနှစ် ဩဂုတ်လ၌ လီဂျွန်ကီအား တောင်ကိုရီးယား ခရီးသွားလုပ်ငန်းအဖွဲ့မှ တောင်ကိုရီးယား ခရီးသွားလုပ်ငန်းဆိုင်ရာ သံတမန်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ လီဂျွန်ကီသည် လောလောဆယ်၌ တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသည့် ခရီးသွားလုပ်ငန်းပြပွဲများ တက်ရောက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ လောလောဆယ်တွင် လီဂျွန်ကီသည် တောင်ကိုရီးယားသမိုင်းနှင့် ပတ်သက်သည့် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးနေပြီး တေးသီချင်း အယ်လ်ဘမ်အသစ်တစ်ခုလည်း ထွက်ရှိရန် ကြိုးစားနေသည်။

ချေရင်း (ဂျင်ဆန်းမီ)

ကိုယ်ရံတော် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ဂျင်ဆန်းမီအဖြစ်ပါဝင်သရုပ်ဆောင်သူဖြစ်သည်။ ဂျင်ဆန်းမီသည် တောင်ကိုရီးယား တေးဂီတထုတ်လုပ်မှုတစ်ရပ်၌ ပါဝင်လုပ်ကိုင်ရန် စီစဉ်ပြင်ဆင်နေသည်။ အသက်(၃၀)ရှိနေပြီ ဖြစ်သည့် ဂျင်ဆန်းမီသည် တောင်ကိုရီးယား၌ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကို အက်စ်ဘီအက်စ် ရုပ်မြင်သံကြားလိုင်းနှင့် ရိုက်ကူးရန် စီစဉ်နေသည်။ လောလောဆယ်၌ ဂျင်ဆန်းမီ ပါဝင်သရုပ်ဆောင်ထားသည့် Wish Upon A Star ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို တောင်ကိုရီးယားတွင် ပြန်လည်ပြသရန် စီစဉ်နေသည်။ ဂျင်ဆန်းမီ ပါဝင်သရုပ်ဆောင်ထားသည့် Oh My Lady ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့၌ ထုတ်လွှင့်ပြသရန် စီစဉ်နေသည်။ ၂၀၁၀ခုနှစ် တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင်များ၌ စတုတ္ထမြောက် လူကြိုက်အများဆုံး အနုပညာရှင်တစ်ဦးအဖြစ် လေ့လာဆန်းစစ်ချက်၌ ဖော်ပြခံထားရသူဖြစ်သည်။

ချေရင်း(ဂျင်ဆန်းမီ)

လီယောင်အဲ

တောင်ကိုရီးယား၌သာမက အာရှနိုင်ငံများ၌ပါ ပရိသတ်နှစ်ခြိုက် အားပေးမှုကို တစ်ခဲနက် လက်ခံရရှိထားသူဖြစ်သည်။ လီယောင်အဲ၏ အောင်မြင်မှု အရရှိဆုံး ရုပ်ရှင်မှာ Jewel in the Palace ဖြစ်သည်။ ယင်းရုပ်ရှင်ဇာတ်ကားကို ဂျပန်၊ တရုတ်၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌လည်း ထုတ်လွှင့်ပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ တောင်ကိုရီးယားနွယ်ဖွား အမေရိကန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည့် လီယောင်အဲသည် ယခုအခါ အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ နေထိုင်လျက်ရှိပြီး အနုပညာလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ အမေရိကန်ဟောလီးဝုဒ်၌ ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် ပါဝင်သရုပ်ဆောင်လျက်ရှိပြီး မကြာမီ ရိုက်ကူးပြီးစီးမည်ဖြစ်သည်။ လီယောင်အဲသည် အမေရိကန်ဟောလီးဝုဒ်၌ တောင်ကိုရီးယားသရုပ်ဆောင်တစ်ဦးအနေဖြင့် တတိယမြောက် ရုပ်ရှင်ရိုက်ကူးသူ ဖြစ်လာသည်။ ဆက်လက်၍လည်း အမေရိကန်၌ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးသွားရန် စီစဉ်လျက်ရှိသည်။ လီယောင်အဲသည် ယူနီဆက်ဖ်၏ ချစ်ကြည်ရေး သံတမန်တစ်ဦးလည်းဖြစ်ရာ အာဖရိကနှင့် တောင်အမေရိကနိုင်ငံ အချို့သို့လည်း မကြာမီ ခရီးထွက်ရန် စီစဉ်လျက်ရှိသည်။ ॥ **(အင်တာနက်)**

လီယောင်အဲ

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၂၇-၂-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိ အသိရှိစေဖို့ (သတ္တဝါများကို ချစ်ခင်ကြင်နာပါ) တေးပဒေသာ
၈:၄၀ ဘဝအသွင် ကဗျာ့အမြင် (ကျွန်စစ်မင်း၏မျက်ရည်) တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ်- ကလေးများအတွက် ပုံပြင်(မိတ်စစ်ဆွေစစ်ပုံပြင်)
၁၁:၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာ နားဆင်စရာ (ပတ္တမြားကျောက်စီဓား) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၃၈)
၁၂:၂၀ ယဉ်ကျေးမှု အနုပညာ (စိန်ခြူးကြာညောင် ဘောလယ်၏ ရသ)
၁၂:၃၀ ဟန်မျိုးစုံညီ တေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ အင်္ဂလိပ်စာတတ်ကျွမ်းမှု) တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ တေးပဒေသာ
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၅ Radio Internet(12)
၁၉:၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ တေးပဒေသာ
၁၉:၁၅ သူ့အကြိုက်သူ့အသွင်(မင်းဟိန်း)
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (ကန့်စွန်းဥ၏အစွမ်း) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ(၂၅) သံတမန်ရေးနည်းလမ်း
၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁:၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ကေတုမတီမြို့တည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပမည်

တောင်ငူ ဖေဖော်ဝါရီ ၂၅

ကေတုမတီ မြို့တည်နန်းတည်နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် (တောင်ငူမြို့ခံ) ရပ်မိ၊ ရပ်ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားသော ကော်မတီဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက် နံနက်က တောင်ငူမြို့ အမေ့အိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အကြံပြုဆွေးနွေး

အခမ်းအနားတွင် ဗဟိုကော်မတီဝင် ဦးမြင့်ညို (အမေ့အိမ်)နှင့် ဦးရဲဝင်းတို့က နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်သည့် စီမံချက်များကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များဖြစ်ကြသော ဦးကျော်လှ(သမာဓိ)၊ ဦးကျော်စိန်၊ ဦးဉာဏ်စိုး(တော်ဝင်ကေတုမတီဟိုတယ်)၊ ဦးသိန်းလွင်(လမင်းဆန်ပွဲရုံ)နှင့် ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)တို့က အကြံပြုဆွေးနွေးကြပြီး ဆပ်ကော်မတီ အသီးသီးဖွဲ့စည်းခဲ့သည်။ (ဝ၄၇)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ပါရှန်ပင်လယ်ကွေ့၌ အီရန်စစ်ရေးလေ့ကျင့်မည်

အီရန်နိုင်ငံက ပါရှန်ပင်လယ်ကွေ့တွင် စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ရန်စီစဉ်လျက်ရှိကြောင်း၊ အီရန်နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးစွမ်းရည်များ တိုးတက်စေရန်ဖြစ်ကြောင်း အီရန်အရာရှိများက ဖေဖော်ဝါရီ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား၌ အိုင်တီကဏ္ဍ ပိုမိုရင်းနှီးမြှုပ်နှံမည်

တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးတိုးတက်မှု ပိုမိုဖွံ့ဖြိုးရန်အတွက် အိုင်တီကဏ္ဍတွင် ၂၀၁၀ခုနှစ်မှစတင်ကာ ရင်းနှီးမြှုပ်နှံမှုများ နှစ်ဆတိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အိုင်တီနည်းပညာကို လူငယ်များ ပိုမိုသိရှိနားလည် အသုံးပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား သိပ္ပံနှင့် နည်းပညာဆိုင်ရာ အရာရှိများက ဖေဖော်ဝါရီ ၂၅ရက်တွင် ပြောကြားသည်။

တွန်ဂါ၌ ဆိုင်ကလုန်းမုန်တိုင်း မွှေနှောက်တိုက်ခတ်

တွန်ဂါနိုင်ငံဗာဗာယူကျွန်းတွင် ဖေဖော်ဝါရီ ၂၅ရက်က ဆိုင်ကလုန်းမုန်တိုင်း ထပ်မံ ဝင်ရောက်တိုက်ခတ်ရာ နေအိမ် ၁၀၀ခန့် ပျက်စီးပြီး ဒေသခံ ရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း တွန်ဂါနိုင်ငံ အရာရှိများက ပြောကြားသည်။

တရုတ်လေကြောင်းလိုင်း ကနေဒါသို့ တိုးချဲ့ပျံသန်းမည်

တရုတ်နိုင်ငံမြို့တော် ပေကျင်းမှ ကနေဒါနိုင်ငံ ဗန်ကူဗားမြို့သို့ လာမည့်ဇွန်လမှစတင်ကာ တိုက်ရိုက်လေယာဉ်ပျံသန်းမှု သီတင်းတစ်ပတ်လျှင် ၁၀ကြိမ် တိုးချဲ့ပျံသန်းရန် စီစဉ်ထားပြီးဖြစ်ကြောင်း အဲချိုင်းနားမှ လေကြောင်းအရာရှိများက ဖေဖော်ဝါရီ ၂၅ရက်၌ ပြောကြားသည်။



မက္ကဆီကိုမြောက်ပိုင်း၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဆာဒန်မြို့အနီးတွင် ဖေဖော်ဝါရီ ၂၅ရက်က လေ့ကျင့်ပျံသန်းစဉ် လေယာဉ်ငယ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ် လိုက်ပါလာသူ နှစ်ဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။
(အပေါ်ပုံ)

ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းလျက်ရှိ

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဖေဖော်ဝါရီ ၂၅ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၉၇ ဒသမ ၆၅ ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး မလေးရှားသို့သွားရောက်မည်

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယူမြောင်ဟွမ်သည် မလေးရှားနိုင်ငံသို့ လာမည့် မတ်လ ပထမသီတင်းပတ်အတွင်း အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန်အတွက်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

A(H1N1)အတွက် သတိပြုရန် သတင်းထုတ်ပြန်

ကမ္ဘာ့နိုင်ငံများတွင် A(H1N1) တုပ်ကွေးရောဂါများ ကူးစက်ပျံ့နှံ့နေဆဲဖြစ်သဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်နှင့် ကြိုတင်ကာကွယ်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖေဖော်ဝါရီ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံဝန်ကြီးများဆွေးနွေး

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၂၅ရက်က တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း အိန္ဒိယအရာရှိများက သတင်းထုတ်ပြန်သည်။

နီဂါရာဂွါ ကမ်းလွန်၌ ငလျင်လှုပ်

နီဂါရာဂွါနိုင်ငံကမ်းလွန်တွင် ဖေဖော်ဝါရီ ၂၅ရက်က ရစ်ချ်တာစကေး ၆ရှိသည့် အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်မှု မရှိကြောင်း၊ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း နီဂါရာဂွါနိုင်ငံအရာရှိများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ ဖေဖော်ဝါရီ ၂၅ရက် ဈေးပိတ်ချိန်တွင် ဂျပန်ယန်းငွေ ၈၉ယန်းလျှင် အမေရိကန် တစ်ဒေါ်လာဖြစ်ကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ဩစတြေးလျတို့ လွတ်လပ်စွာကုန်သွယ်မှုစတင်

တရုတ်နှင့် ဩစတြေးလျနှစ်နိုင်ငံတို့သည် လွတ်လပ်စွာကုန်သွယ်မှု ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း၊ အထူးသဖြင့် ကုန်သွယ်ရေကြောင်းတင်ပို့မှုများတွင် လွတ်လပ်စွာ ကုန်ပစ္စည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ကုန်တင်သင်္ဘောများ အပြန်အလှန် ဝင်ထွက်ခုတ်မောင်းနေကြပြီဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးအရာရှိများက ဖေဖော်ဝါရီ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။ ॥ **(အင်တာနက်)**

● *ကျော်ဖုံးမှ*

ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ မျက်ဝန်းအိမ်တွင် ဝမ်းသာမျက်ရည်များ ဝေ့ဝဲ၍ နေလေသည်။

ဝမ်းသာအားရ

ပေါမမြိုင်ကျေးရွာမှ အသက် (၅၀) ကျော် ကျန်းမာသန်စွမ်းဆဲ ဒေါ်စန်းသည် ခြံထွက်သီးနှံများကို ကသာမြို့သို့ သွားရောက် ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းတွင် ပေါမမြိုင်ဘူတာလည်းပါဝင်ရာ စက်ဘီးတစ်စီးဖြင့် နေ့စဉ်ဈေးရောင်းထွက်နေရသော ဒေါ်စန်းအတွက် သိန်းဆုကြီးပေါက်သည့်အလား ဝမ်းသာအားရဖြစ်နေသည်။

"အဒေါ်တို့က ခြံကထွက်တဲ့ ဟင်းသီးဟင်းရွက်တွေကို ကသာမြို့ဈေးမှာ သွားရောင်းပြီး ဝမ်းကျောင်းနေရတာပါ၊ အရင်က ပေါမမြိုင်ကနေ ကသာကို စက်ဘီးပေါ်မှာ ဟင်းသီးဟင်းရွက်တောင်းကြီးကို မနိုင်မနင်းတင်ပြီး သွားရောင်းရတာ၊ နင်းလို့ရတဲ့နေရာမှာနင်း၊ နင်းလို့မရတဲ့နေရာမှာ တွန်းပြီး သွားရတယ်။ ရတဲ့အမြတ်အစွန်းက ပင်ပန်းတာနဲ့တောင် မကာမိချင်ပါဘူးကွယ်။ အခုလို ရထားလမ်းကြီး ဖောက်လုပ်ပြီး ရထားပြေးဆွဲပေးမယ်လို့ ကြားရတော့ ဘယ်လိုဝမ်းသာမှန်းကို မသိဘူး။ ရထားနဲ့ ဈေးသွားရောင်းရတော့မှာဆိုတော့ ပင်ပင်ပန်းပန်း မသွားရတဲ့အပြင် များများလည်း သယ်နိုင်မယ်၊ ရထားခကလည်း သက်သာတော့ အများကြီးအဆင်ပြေတယ်။ အခုလို ရထားလမ်း ဖောက်လုပ်ပေးလို့ တာဝန်ရှိသူတွေကို အများကြီး ကျေးဇူးတင်တယ်။ငါ့တူတို့ အချိန်ရရင် အိမ်မှာ ထမင်းလိုက်စားပါလား၊ အဒေါ်ဝမ်းသာလွန်းလို့ ကိုယ်တိုင်ချက်ကျွေးချင်လို့ပါကွယ်"။



"ရထားလမ်းဘေးတစ်လျှောက်က ရပ်ကွက်၊ ကျေးရွာတွေ နေ့ချင်းညချင်းဆိုသလို တိုးတက်ဖွံ့ဖြိုး လာတော့မှာ ဖြစ်ပါတယ်။"

ဗိုလ်ကြီးမောင်တိုး(ငြိမ်း)
ကသာမြို့နယ်
စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ။

"အရင်ကထက် လမ်းပန်းဆက်သွယ်ရေးပိုကောင်းလာမှာဆိုတော့ ဒေသခံပြည်သူတွေရဲ့ လူမှုရေး၊ စီးပွားရေးတွေ တိုးတက်လာမှာပါ။"

ဒေါ်ဖြူဖြူသွယ်
ကသာမြို့နယ်စာရင်းရုံး။



"ရထားလမ်းဖွင့်ပွဲကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ချင်လွန်းလို့ လာခဲ့တာ၊ ဘယ်လိုပျော်မှန်းကို မသိဘူး။"

မငြိမ်းငြိမ်းအိ
ရန်ကုန်မြင့်မြင့်ထမင်းဆိုင်
ကသာမြို့နယ်။

ရထားဖွင့်ပွဲ မတိုင်မီ တစ်ရက်က ပေါမမြိုင်ကျေးရွာမှ ဒေါ်စန်းနှင့် တွေ့ဆုံခိုက် ကြားသိလိုက်ရသော စကားများပင် ဖြစ်သည်။ ဝမ်းသာလုံးဆို့နေသော ဒေါ်စန်း၏ စကားများက ကြားရသူတိုင်းကို ထပ်တူထပ်မျှ ဝမ်းသာစေခဲ့သည်။

လက်တွေ့ဖောက်လုပ်

ကသာ-ဗန်းမော် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် တစ်ကြိမ်တစ်ခါမျှ စိတ်ကူးဖြင့်ပင် ပုံမဖော်ခဲ့ဖူးသော ရထားလမ်းပိုင်းတစ်ခုကို အိပ်မက်မဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော် ဖောက်လုပ်ပေးနိုင်ခြင်းပင် ဖြစ်သည်။

ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပသည့် ကသာ(မြောက်)ဘူတာ ဆိုင်းဘုတ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ကသာမြို့မှ ဒေသခံအချို့နှင့် တွေ့ဆုံ၍ ရင်တွင်းစကားများကို မေးမြန်းစေ့ငုဖြစ်ခဲ့သည်။

ပြောမပြတတ်အောင်

ကသာမြို့မှ ဥပဒေအဓိက ဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ရရှိထားသော အသက် (၂၆) နှစ်အရွယ် မဇင်မီသန်းလွင်ကလည်း "အခုလို ရထားလမ်းသစ် ဖွင့်လှစ်နိုင်တဲ့အတွက် သက်သောင့်သက်သာ ပျော်ပျော်ရွှင်ရွှင်နဲ့ ခရီးသွားနိုင်တော့မှာမို့လို့ ဝမ်းသာမိတယ်။ ဖွင့်ပွဲကို မဖြစ်ဖြစ်အောင် လာမယ်ဆိုပြီး တစ်အိမ်သားလုံး မနက်အစောကြီးထပြီး ထွက်လာကြတာ၊ ဒီလို ဖွင့်ပွဲမျိုး တစ်သက်မှာ တစ်ခါပဲ ကြုံဖူးတာဆိုတော့ ပြောမပြတတ်အောင် ဝမ်းသာမိတယ်"ဟု ပြောကြားသည်။

ပြောကြား

ကသာမြို့နယ် စာရင်းရုံးမှ ဒေါ်ဖြူဖြူသွယ်ကလည်း "နိုင်ငံတော်က ရထားလမ်းဖောက်လုပ်ပေးတာ အများကြီး ဝမ်းသာပြီး ကျေးဇူးလည်းတင်တယ်။ အရင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာမှာဆိုတော့ ဒေသခံပြည်သူတွေရဲ့ လူမှုရေး၊ စီးပွားရေးတွေ တိုးတက်လာမှာပါ"ဟု ပြောကြားသည်။

ကသာမြို့ အမှတ်(၉)ရပ်ကွက်မှ အသက် (၄၀)အရွယ် ဒေါ်စိန်မြကလည်း "အရင်က မန္တလေးနဲ့ မြစ်ကြီးနားကိုပဲ ရထားနဲ့သွားဖူးတယ်။ အခုဆိုရင် မိုးတားကြီးကို ရထားနဲ့သွားနိုင်ပြီ။ နောက်ဆိုရင် ဗန်းမော်အထိ ရထားနဲ့သွားနိုင်တော့မှာဆိုတော့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိပါတယ်"ဟု ပြောကြားသည်။



"ဒီလိုဖွင့်ပွဲမျိုးကို တစ်သက်မှာ တစ်ခါပဲကြုံဖူးတာဆိုတော့ ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။"

မဇင်မီသန်းလွင်
ကသာမြို့နယ်။

အဆင်ပြေ

ကသာမြို့ မြို့မဈေးအနီးမှ ဟင်းချက်လက်ရာကောင်းလှသော ရန်ကုန်မြင့်မြင့်ထမင်းဆိုင်မှ အသက် (၂၀)အရွယ် မငြိမ်းငြိမ်းအိကလည်း "အရင်က မန္တလေးသွားရင် နဘားဘူတာမှာ လက်မှတ်သွားဝယ်ရတာဆိုတော့ ခက်ခဲတယ်။ အခုဆိုရင် ကသာမှာပဲ လက်မှတ်ဝယ်နိုင်ပြီဆိုတော့ အဆင်ပြေတယ်။ ရေလမ်းသာမက ရထားလမ်းကိုပါအားပြုပြီး သွားလာနိုင်ပြီဆိုတော့ စီးပွားရေးကောင်းလာမှာ သေချာတယ်။ အခုတောင် ရထားလမ်းဖွင့်ပွဲရှိလို့ ဧည့်သည်တွေလာကြတော့ ညီမတို့ ထမင်းဆိုင် သိပ်ရောင်းကောင်းတယ်။ နောင်ဆိုရင် ဗန်းမော်အထိ ရထားနဲ့သွားနိုင်တော့မှာဆိုတော့ သိပ်ပျော်စရာ ကောင်းတာပဲ။ ဆိုင်အလုပ်တွေနဲ့ မအားတဲ့ကြားက ဖွင့်ပွဲကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ချင်လွန်းလို့ လာခဲ့တာ၊ ဘယ်လို ပျော်မှန်းကိုမသိဘူး။ ဝမ်းသာတာ တအားပဲ"ဟု ပြောကြားသည်။

ကသာမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တိုး (အငြိမ်းစား) ကလည်း "အခုလို ရထားလမ်းဖောက်လုပ်နိုင်တဲ့အတွက် ကသာမြို့နယ် တိုးတက်လာမှာပါ။ အရင်တုန်းက ဒီနေရာမှာ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ တောကြီးလို ဖြစ်နေတာ။ ဒီဘက်ပိုင်း နှစ်တွေမှာ စီးပွားရေးကောင်းလာကြလို့ ရပ်ကွက်တွေ၊ အိမ်ရာသစ်တွေ တိုးချဲ့လာနိုင်ပြီး စည်ကားလာတယ်။ ရထားလမ်းရှိလာပြီဆိုတော့ ရထားလမ်းဘေးတစ်လျှောက်က ရပ်ကွက်၊ ကျေးရွာတွေ နေ့ချင်း ညချင်းဆိုသလို တိုးတက်ဖွံ့ဖြိုးလာတော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

တစ်မြို့နယ်လုံးဝမ်းသာ

ကသာမြို့ ကမ်းနားလမ်း၌ ၁၉၆၂ ခုနှစ်မှစတင်၍ "လှိုင်စာပေနှင့် စာနယ်ဇင်း" ဟူသော အမည်ဖြင့် စာအုပ်ဆိုင် ဖွင့်လှစ်ခဲ့သော စာပေသမားတစ်ဦးဖြစ်သူ အသက် (၇၈)နှစ်အရွယ် ဦးချစ်လှိုင်ကလည်း "အခုဖောက်လုပ်နေတဲ့ ကသာ-ဗန်းမော် ရထားလမ်းဟာ ဒီဒေသအတွက် သိပ်ကို အရေးပါတဲ့ ရထားလမ်းပိုင်းတစ်ခုပါ၊ အရင်က ဒီနယ်တစ်ရိုးမှာ မြန်မာ့မီးရထားက ကိုယ်တိုင် ကွင်းဆင်းလေ့လာခဲ့ကြသူတွေတောင် ရထားလမ်းဖောက်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောခဲ့ကြတာလေ။ အခုတော့ မဖြစ်နိုင်ဘူးဆိုတဲ့ နေရာမှာ အိပ်မက်မဟုတ်ဘဲ လက်တွေ့ အကောင်အထည်ဖော်နိုင်ခဲ့ပြီဆိုတော့ သိပ်ကိုဝမ်းသာစရာကောင်းတယ်။ ရထားလမ်းတစ်လျှောက် ကျေးရွာပေါင်း ၂၀ကျော်က ပြည်သူတွေ အားရဝမ်းသာဖြစ်ကြမှာပဲ။ ကသာမြို့ဟာ အရင်က ရေကြောင်းတစ်ခုတည်းကိုပဲ အားကိုးနေရတယ်။ ဒီနေ့ဟာ ကသာမြို့နယ်အတွက် မင်္ဂလာရှိတဲ့ နေ့တစ်နေ့ပါ။ အရင်က သွားဖို့လာဖို့ အင်မတန်ခက်ခဲတဲ့ ကသာမြို့မှာ အခုလို ရထားလမ်းပိုင်းသစ် ဖွင့်လှစ်နိုင်တဲ့အတွက် ကသာတစ်မြို့နယ်လုံး ဝမ်းသာနေကြပါတယ်။ ကသာ-ဗန်းမော် ရထားလမ်းပြီးသွားရင် ဗန်းမော်က ကုန်ပစ္စည်းတွေအားလုံး ကသာကို ရောက်လာမယ်။ ကုန်စည်ရော ခရီးသည်ပါ မြန်မြန်နဲ့များများ သယ်ပို့သွားလာနိုင်မယ်။ သယ်ယူပို့ဆောင်စရိတ်သက်သာသွားရင် ကုန်ဈေးနှုန်းလည်းကျသွားမယ်"ဟု ပြောကြားသည်။

ကသာ-ဗန်းမော် ရထားလမ်းပြီးသွားရင် ဗန်းမော်က ကုန်ပစ္စည်းတွေအားလုံး ကသာကို ရောက်လာမယ်။ ကုန်စည်ရော ခရီးသည်ပါ မြန်မြန်နဲ့များများ သယ်ပို့သွားလာနိုင်မယ်။ သယ်ယူပို့ဆောင်စရိတ် သက်သာသွားရင် ကုန်ဈေးနှုန်းလည်း ကျသွားမယ်။

ပထမဆုံးဖွင့်

ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်ကို ၂၀၀၇ ခုနှစ် မေလ ၁၆ရက်တွင် စတင်အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ပြီး ရထားလမ်းခရီးမိုင်အရှည် ၁၆ဒသမ ၆၈မိုင်၊ လမ်းတစ်လျှောက် တံတားကြီးငယ် စုစုပေါင်း ၅၉စင်း၊ အများဆုံးကွေ့ ဒီဂရီ ၁၂ဒီဂရီ၊ ကွေ့ပေါင်း ၂၇ကွေ့၊ ဘလောက်ဘူတာ လေးဘူတာတို့ ပါဝင်သည်။ ကသာ-မိုးတားကြီးရထားလမ်းပိုင်းသစ်သည် ကသာမြို့နယ်အတွင်း တည်ရှိပြီး ကသာဘူတာ၊ ပေါမမြိုင်ဘူတာ၊ မင်းလယ်ဘူတာနှင့် မိုးတားကြီး ဘူတာတို့ ပါဝင်ကာ ၉၈မိုင်ရှည်လျားသည့် ကသာ-ဗန်းမော်ရထားလမ်းစီမံကိန်း၏ ပထမဆုံး ဖွင့်လှစ်နိုင်သော ရထားလမ်းပိုင်းသစ် ဖြစ်ကြောင်း သိရသည်။

ကျင်းပနိုင်

ကသာ-မိုးတားကြီးရထားလမ်းပိုင်းသစ် ဖွင့်လှစ်နိုင်ခဲ့သော ဖေဖော်ဝါရီ ၂၀ရက်တွင် ကသာမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ယူဇင်ရွှေဆိုင်မိသားစုက ဆောက်လုပ်လှူဒါန်းသည့် (၂၅)ခုတင်ဆံ့ တိုးချဲ့လူနာဆောင်သစ်ဖွင့်ပွဲကို လည်းကောင်း၊ ကသာမြို့နယ် မိုးတားကြီး ကျေးရွာ၌ စံ(၅)ချက်နှင့် ညီသော ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို လည်းကောင်း၊ ကသာမြို့နယ် မိုးတားလေးကျေးရွာ၌ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို လည်းကောင်း ကျင်းပနိုင်ခဲ့လေသည်။

"နောက်ဆိုရင် ဗန်းမော်အထိ ရထားနဲ့ သွားနိုင်တော့မှာဆိုတော့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိပါတယ်။"

ဒေါ်စိန်မြ
အမှတ်(၉)ရပ်ကွက်
ကသာမြို့နယ်။

"ရထားလမ်း တစ်လျှောက် ကျေးရွာပေါင်း ၂၀ကျော်က ပြည်သူတွေ အားရဝမ်းသာဖြစ်ကြမှာပဲ။ ကသာမြို့ဟာ အရင်က ရေကြောင်း တစ်ခုတည်းကိုပဲ အားကိုးနေရတယ်၊ ဒီနေ့ဟာ ကသာမြို့အတွက် မင်္ဂလာရှိတဲ့နေ့ တစ်နေ့ပါ။"

ဦးချစ်လှိုင်
လှိုင်စာပေနှင့်
စာနယ်ဇင်းစာအုပ်ဆိုင်
ကမ်းနားလမ်း၊ ကသာမြို့နယ်။

ဖွင့်လှစ်နိုင်

ကသာ-မိုးတားကြီးရထားလမ်းပိုင်းသစ် ဖွင့်လှစ်နိုင်ခဲ့သော ဖေဖော်ဝါရီ ၂၀ရက်သည် ကသာမြို့နယ်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် လာခြင်းကောင်းသော နေ့တစ်နေ့ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

ပြည်တော်ဝင် အခါတော်နေ့

* သံသာချိုနှော၊ ငှက်ဥဩလည်း
မြိုင်တောတစ်ခွင်၊ တေးသံလွင်နှင့်
ရွှေရင် ကျွမ်းမျှ၊ လွမ်းပုံပြ၏။

* ပေါ်စအသစ်၊ မြပုရစ်လည်း
ချစ်မောဖွယ်ရာ၊ အလှဖြာ၏။

* မာလာငုံဆန်း၊ ပွင့်သစ်ပန်းလည်း
ကြိုင်လှျမ်းဝေဖြာ၊ ရနံ့သာ၏။

* ဟိုမှာသည်သို့၊ ဆောင်ယူပို့သည့်
လူတို့စိတ်မြူး၊ နွေလေရူးလည်း
နွေဦးရှက်ခြောက်၊ မွေကာနှောက်၏။

* လွမ်းလောက်ဖွယ်ရာ၊ သခင်းသာဝယ်
သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်
လွမ်းဖွယ်မြိုင်ခြေ၊ မြူခိုးဝေ၏။

* ခါနွေချိန်ပြောင်း၊ လတပေါင်း၏
ဆောင်းငွေ့နှင်းကြွင်း၊ အေးမြခြင်းနှင့်
တောခင်းမြိုင်စုံ၊ သာယာပုံကို
အာရုံထင်လှ၊ နှိုင်းယှဉ်ပြသည့်
ကာဠုဒါယီ၊ လျှောက်ချက်ညီ၍
ရွှေပြည်ကိုကြွ၊ မြတ်ဗုဒ္ဓ၏
ဆုံးမဟောမြွက်၊ တရားစက်ကြောင့်
ကောင်းကွက်အံ့ကျူး၊ တရားထူးကို
ဖူးတွေ့ခံမင်၊ သာကီဝင်တို့
ကြည်လင်စိတ်ရိုး၊ မြတ်မြတ်နိုးဖြင့်
ရှိခိုးပူဇော်၊ ကောင်းချီးကျော်သည်
ပြည်တော်ဝင်သည့် နေ့ပေကို။ ။

ပန်းတောင်းသန်းကြွယ်

တေးကဗျာတို့၏ ဩဇာသက်ရောက်မှု သုတေသနစာတမ်းဖတ်ပွဲကျင်းပ

ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပ သော ''တေးကဗျာတို့၏ ဩဇာ သက်ရောက်မှု'' သုတေသနစာတမ်း ဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ''တေးကဗျာတို့၏ ဩဇာသက်ရောက်မှု'' သုတေသနစာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်ကြည်နှင့် ဒေါက်တာခင်အေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဧည့်သည်များ၊ သုတေသနပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ် ပေးသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ''တေးကဗျာတို့၏ ဩဇာ သက်ရောက်မှု'' သုတေသနစာတမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ အလှည့်ကျ သဘာပတိများအဖြစ် မြန်မာစာ အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်ကြည် နှင့် ဒေါက်တာခင်အေးတို့က ဆောင်ရွက် ကြပြီး နံနက်ပိုင်းစာတမ်းဖတ်ပွဲတွင် သုတေ သနနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြား ရေးမှူးဦးဇော်ဌေးက ''အမျိုးသားရေးစရိုက် လက္ခဏာများကို ဖော်ဆောင်သော ခေတ် အကြိုက်တေးများ'' စာတမ်းကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ (ဂီတ) ဦးအောင်ကိန်းက ''ထာဝစဉ် ရှင်သန်နေ သော ခေတ်ဟောင်း ကာလပေါ်တေးများ လေ့လာချက်'' စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တ ရပ်နားသည်။

ဖတ်ကြား

ယင်းနောက် မွန်းလွဲပိုင်းတွင် စာတမ်း ဖတ်ပွဲကို ပြန်လည်ကျင်းပရာ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ လက်ထောက်ကထိက (မြန်မာ စာ) ဒေါက်တာခိုင်ခိုင်သင်းက ''ပုဂံခေတ် ကျောက်စာများမှ အနုသုခုမပညာဆိုင်ရာ ဝေါဟာရများလေ့လာချက်'' စာတမ်းကို လည်းကောင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကထိက (မြန်မာစာ) ဒေါက်တာဇော်နိုင်က ''မြန်မာ သီချင်း၊ ကဗျာများပေါ်တွင် ဩဇာ သက်ရောက်နေသော စိတ်ကူးစိတ်သန်း အဖွဲ့အနွဲ့ကို ရတုလမ်းကြောင်းမှ ခြေရာခံ ကြည့်ခြင်း'' စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ရှင်းလင်းဖြေကြား

ဖတ်ကြားတင်သွင်းသော စာတမ်း များနှင့် စပ်လျဉ်း၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ သမိုင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမော်၊ အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါ်နန္ဒာမွန်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက် နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန် ဝင်း၊ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသိန်း လွင်၊ ရှေးဟောင်း သုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဒေါ်နုမြဲ နှင့် ဦးကျော်ဦး၊ သမိုင်းသုတေသန ဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့မှ သုတေသနလက်ထောက် စာတည်း ဦးကျော် ညွှန့်တို့က အကြံပြုဆွေးနွေး မေးမြန်းကြ ရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီး က စာတမ်းများအပေါ် သုံးသပ်ဆွေးနွေး ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြွန်တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ (၅၂)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ခမ္မာရုံ၌ကျင်းပရာ နာယက နှင့် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ၂၀၁၀-၂၀၁၁ခုနှစ် အတွက် အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ပြီး ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(သတင်းစဉ်)

အတိတ်၏အရိပ် ရွှေဆောင်ရုံ၌ ပြသနေဆဲ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အကြည်တော်၏ နတ်နေကိုင်းဝတ္ထုကို စိုးကျော်ဆန်းဇာတ်ညွှန်းခွဲပြီး ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဇာ ရိုက်ကူးသည့် **အတည်ပေါက်နောက်တဲ့လူ** ဟာသဇာတ်မြူးကားမှာ ယခုသောကြာတွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ ရုံဝင်လာသည်။

သူတို့ပါဝင်

အတည်ပေါက်နောက်တဲ့လူတွင် မင်းမော်ကွန်း၊ ခန့်စည်သူ၊ ပြည့်စုံအောင်၊ အိန္ဒြာ ကျော်ဇင်၊ တင့်တင့်ထွန်း၊ ခရစ္စတီးနားနှင့် ဗေလုဝတို့ အဓိကပါဝင်ထားသည်။

အစအနောက်သန်သူများကို ရည်ရွယ်

ဇာတ်လမ်းမှာ နယ်မှ ရန်ကုန်သို့ကျောင်းသွားတက်မည့် တက္ကသိုလ်ကျောင်းသား၏ အကြောင်းကြောင်း အတတအဖြစ်ကို အစအနောက်သန်သူ စောကြည်ဖြူက ကမောက်ကမ ဖြစ်အောင် ချောက်တွန်းမှုများကို ဟာသနှောကာ ရိုက်ကူးထားသော ဇာတ်လမ်းဖြစ်သည်။ အကျီစားသန်သူများ သတိပြုဆင်ခြင်နိုင်ရန် ရည်ရွယ်ရိုက်ကူးထားသည်ဟု ဆိုသည်။ မန္တလေးပရိသတ်အတွက် ဝင်းလိုက်နှင့် မြို့မရုံများတွင်လည်း တစ်ပြိုင်တည်း ပြသလျက်ရှိသည်။

အတိတ်၏အရိပ်

အောင်သူရနှင့် အိန္ဒြာကျော်ဇင်တို့ပါဝင်ပြီး ချစ်ခြင်းမေတ္တာနှင့် လျှို့ဝှက်သည်းဖို ပေါင်းစပ်ထားသော **အတိတ်၏အရိပ်** ဇာတ်ကားမှာ ရွှေဆောင်ရုံတွင် ဆက်လက်ပြသနေဆဲ ဖြစ်သည်။

နိုင်ငံခြားဇာတ်ကား

ကမ္ဘာကျော် စုံထောက်ကြီးရှားလော့ဟုမ်း၏ စွန့်စားခန်းနှင့် စိတ်ကူးဉာဏ်ထက်သန် ပုံများကို ဖော်ကျူးရိုက်ကူးထားသော **Sherlock Holmes** ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက် ပြသနေပြီး အချစ်တေးဂီတအက်ရှင်ရသစုံပါဝင်သည့် အိန္ဒိယဇာတ်ကား OM ကို တန်းမြင့်မြို့မရုံတွင် ကြည့်ရှုကြရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အတည်ပေါက် နောက်တဲ့လူဇာတ်ကားမှ ခန့်စည်သူနှင့် မင်းမော်ကွန်းတို့၏ ဟာသ။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

လမိုင်းမြို့ ကျက်သရေလမ်း ကတ္တရာလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးမြို့နယ် လမိုင်းမြို့ မြို့မ(၂)ရပ်ကွက် ကျက်သရေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီကကျင်းပရာ လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးသိန်းသန်းစိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ်၌ သုတဘဏ် ကျေးရွာစာကြည့်တိုက်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက အလျား ပေ၃၀၊ အနံ ၁၆ပေရှိ ကျပ်သိန်း ၃၀ဖြင့်တည်ဆောက်ထားသည့် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးရဲမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။ (မြို့နယ် ပြန်/ဆက်)

တောင်ငူ စည်ပင်သာယာ ရေနုတ်မြောင်းဆယ်ယူ

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် (၁၉)ရပ်ကွက်ရှိ ရန်ကုန်-မန္တလေး လမ်းဘေးရေနုတ်မြောင်း ဆယ်ယူမှုကို ဖေဖော်ဝါရီ ၉ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေး ကွင်းဆင်းကြီးကြပ်သည်။ (မြို့နယ်စည်ပင်)

ကဝမြို့၌ အိုင်အိုဒင်းဆားပါဝင်မှု ကွင်းဆင်းစစ်ဆေး

ကဝမြို့နယ် မြို့မအနောက်ဈေးနှင့် မြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် ရောင်းချသော အိမ်သုံးဆားများ၌ အိုင်အိုဒင်းဆားပါဝင်မှု ရှိမရှိကို ဖေဖော်ဝါရီ ၉ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍စစ်ဆေးကြသည်။ (မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့နယ်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျေးရွာ၊ ရပ်ကွက် ၇၂အုပ်စုတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ရက်က မြို့နယ် စုပေါင်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်မျိုး၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် ကျေးရွာ၊ ရပ်ကွက် ဥက္ကဋ္ဌများနှင့် ထွေ/အုပ်စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ (၀၉၂)

ဆင်ဘို၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး

ဆင်ဘိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တိုး တိုးမေနှင့် ဝန်ထမ်းများသည် မံကင်းကျေးရွာ အလင်းရောင်စာကြည့်တိုက်တွင် ဇန်နဝါရီ ၁၂ရက်က မံကင်းကျေးရွာဥက္ကဋ္ဌဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင် များနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

သာစည်၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို အဖွဲ့ဝန်ထမ်းများ၊ မြို့မဈေး အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၉ရက်က မြို့မ ဈေးကြီးအတွင်း၌ ဆောင်ရွက်ရာ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး ကြီးကြပ်ဆောင်ရွက်ပေး သည်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့နယ် ပြန်/ဆက်ဦးစီးဌာန၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဇန်နဝါရီ ၅ရက်က အဆိုပါ မြို့နယ်ရုံးစာဖတ်ခန်း၌ စာဖတ်ပွဲ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေဝင်းမြင့်က အတွဲ(၆)၊ အမှတ်(၂၃) ဒို့ကျေးရွာဂျာနယ်ပါ သင်းခိုင်နိုင်၏ ကျေးလက်စာကြည့်တိုက်များကို အခြေခံ၍ စာဖတ်ရှိန်မြှင့်တင်ပေးရန်လိုအပ် ဆောင်းပါးကို ဖတ်ကြားဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား မြို့မဈေး၌ မီးငြိမ်းသတ်နည်းသရုပ်ပြ

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးများဖြစ်သော ခေတ်မီနှစ်ထပ်ဈေး၊ အမှတ်(၂)ဈေးနှင့် ရေစင်ကွင်း ဈေးများအတွင်းရှိ ဈေးသူဈေးသား များအား ဖေဖော်ဝါရီ ၇ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် တာဝန်ရှိသူများသည် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာ ပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ကြ သည်။ (မြို့နယ်စည်ပင်)

ကြွပ်ကြွပ်အိတ်ကင်းစင်ပပျောက်ရေး နမ္မတူ၌ဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ မြို့တော်ခန်းမ၌ ကြွပ်ကြွပ်အိတ် ကင်းစင် ပပျောက်ရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှညွန့်ငွေက အမှာစကားပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းက ကြွပ်ကြွပ်အိတ် ကင်းစင် ပပျောက်ရေးအတွက် ဆွေးနွေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

(၆၅) နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။
၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။
၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပျော်ဘွယ်မြို့နယ် ဆူးချဉ်ကုန်းကျေးရွာတွင် ရေလျှံတွင်းမှ ရေရရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သီးနှံအထွက်တိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ပေးနေ ကျေးလက်ကန်ငယ် လယ်မြေဧက (၁၅၀) ရေပေးနိုင်ရန် ကမဲဆည်အဖြစ် တည်ဆောက်ပေးခဲ့

ပျော်ဘွယ်မြို့နယ်၌ ရေလျှံတွင်းနှင့်စက်ရေတွင်းများ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၁နာရီတွင် ပျော်ဘွယ်မြို့နယ် ဆူးချဉ်ကုန်းကျေးရွာ၌ ရေလျှံတွင်းအမှတ် (၁၇၄)မှ တစ်နာရီလျှင် ရေဂါလန် ၇၅၀၀ထွက်ရှိမှုနှင့် ရေလျှံတွင်းမှရေဖြင့် နွေစပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှကြည်က ပျော်ဘွယ်ဘုရားငါးဆူဒေသ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စက်ရေတွင်း ၅၀တူးဖော်ရန် လျာထားဆောင်ရွက်ခဲ့ပြီး ယနေ့အထိ စက်ရေတွင်း ၄၂တွင်း တူးဖော်အောင်မြင်ခဲ့မှု၊ စက်ရေတွင်း တစ်တွင်းလျှင် စပါး ၁၅ဧက၊ နှမ်းနှင့်မိုး သီးထပ်စိုက်ပျိုးနိုင်မှု၊ ယခင် နွေစပါး မစိုက်ပျိုးနိုင်ခဲ့ဘဲ ယခုအခါ စက်ရေတွင်းရေဖြင့် နွေစပါးစိုက်ပျိုးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးသည် တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ ငွေချည် (၆) ချည်မျှင်ရှည်ဝါကိုလည်း စိုက်ပျိုးကြရေး၊ သီးနှံအထွက်တိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကန်သာကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက ပြုပြင်တည်ဆောက်ပေးနေသည့် ကမဲဆည်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆည်ရေပေးမည်

ကမဲဆည်သည် မူလ တောင်သူများ၏ ကျေးလက်ကန်ငယ်ကို အလျားပေ ၃၀၀၀၊ အမြင့် ၁၀ပေအဖြစ် တည်ဆောက်ပေးခဲ့ပြီး လယ်မြေဧက ၁၅၀ ဆည်ရေပေးနိုင်မည် ဖြစ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် တူးဖော်ပြီး ရေလျှံတွင်းများနှင့် တူးဖော်နေပြီး တစ်နာရီလျှင် ရေဂါလန် ၂၂၀၀ ထွက်ရှိနေသည့် နေပူကုန်းကျေးရွာ တောင်သူ ဦးတင်အေး၏ လယ်ယာကွက်မှ စက်ရေတွင်းတို့ကို ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းများသို့ ရေသွင်းထားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြပ်မတ်ဆောင်ရွက်

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ထားဝယ်မြို့ ဗျောတောဝရပ်ကွက် အောင်သီရိလမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်လှိုင် (လက်ထောက် အင်ဂျင်နီယာ) ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ

သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၁။ **ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည် -

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊
(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်း သတင်းပို့ရန်၊
(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးကို မတ် ၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရုံးခန်း၌ ကျင်းပမည်ဖြစ်သဖြင့် သဃ်န်းကျွန်းမြို့နယ်ရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြပါရန် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စံပြ အမက (၁၃) တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အမက(၁၃) (ယခင်စံပြ အမက-၁၃) တောင်ဥက္ကလာပမြို့နယ်တွင် ၁၉၆၂ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲကို ဧပြီ ၄ရက် နံနက် ၁၀နာရီတွင်ကျင်းပမည်ဖြစ်ရာ ကျောင်းဖုန်း-၅၇၈၀၄၅၊ ဒေါက်တာတင်ဝင်း ဖုန်း-၀၉-၅၁-၆၀၁၇၁၊ ကိုမြသန်း ဖုန်း- ၇၂၄၃၀၇၊ ဦးကျော်တင်မောင် ဖုန်း-၀၉-၅၀-၅၁၅၈၄၊ ကိုအောင်ဇော်ထွန်း ဖုန်း-၀၉-၅၁-၇၈၆၁၅၊ ကိုမိုးကျော်အောင် ဖုန်း-၀၉-၅၁-၉၆၅၈၁၊ ကိုကျော်သူထက် ဖုန်း-၀၉-၅၅-၀၂၀၁၈၊ မလွင်လွင်သိန်း ဖုန်း-၀၉-၅၀-၇၁၀၀၀၊ မစန်းစန်းမော် ဖုန်း-၇၂၂၀၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာမရရှိသော်လည်း တက်ရောက်ကြပါရန်နှင့် ဆရာကန်တော့ပွဲရက်မတိုင်မီ ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည့် အစည်းအဝေးသို့ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မကွေးတိုင်း ချင်းပြည်နယ်နှင့် မ...
အခြေခံပညာကျောင်းများ ညွှန်...

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၂၁ရက်မှ ၂၄ရက်အထိ မကွေးတိုင်းအတွင်းရှိ ပေါက်မြို့နယ် ရေပြာ အခြေခံပညာအထက်တန်းကျောင်း၊ ပေါက်အခြေခံပညာအထက်တန်းကျောင်း၊ ဆောမြို့နယ် ကံကြီး အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ဆော အခြေခံပညာ အထက်တန်းကျောင်းများကိုလည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ မင်းတပ်မြို့နယ် အမှတ် (၁)နှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ တွီးဒိန် အခြေခံပညာ မူလတန်းကျောင်းနှင့် တပ်မြေ အခြေခံပညာ အလယ်တန်းကျောင်းခွဲတို့ကိုလည်းကောင်း၊ မတူပီမြို့နယ် ရမ်တိန်း အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဖနိုင်အခြေခံပညာအလယ်တန်းကျောင်းနှင့် တပ်တွင်းအခြေခံပညာ မူလတန်းကျောင်းတို့ကိုလည်းကောင်း၊ ကန်ပက်လက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းအတွင်းရှိ မြင်းခြံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တောင်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျားရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ နမ့်စန်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ဒသမ ၂၀လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၆ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

…ကုန်းကျေးရွာတွင် ရေလှောင်ကန်မှ ရေရရှိမှုကို
(သတင်းစဉ်)

…ရန် ဆောင်ရွက်ပေးနေ …ည်အဖြစ် တည်ဆောက်ပေးခဲ့ …ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

…နာရီတွင် ပျော်ဘွယ်မြို့နယ် ဆူးချဉ်ကုန်းကျေးရွာ …စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရေအရင်း …နှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် စိမ်းလန်း …ူးဖော်အောင်မြင်ခဲ့မှု၊ စက်ရေတွင်း တစ်တွင်းလျှင် …နွေစပါးစိုက်ပျိုးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

…ကန်သာ …ီးစီးဌာန …နေသည့် …ဆေးပြီး …င်ပြချက် …ရွက်ပေး … …တောင်သူ … အလျား …ပေအဖြစ် တည်ဆောက်ပေးခဲ့ပြီး လယ်မြေဧက ၁၅၀ ဆည်ရေပေးနိုင်မည် ဖြစ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် တူးဖော်ပြီး ရေလှောင်ကန်များနှင့် တူးဖော်နေပြီး တစ်နာရီလျှင် ရေဂါလန် ၂၂၀၀ ထွက်ရှိနေသည့် နေပူကုန်းကျေးရွာ တောင်သူ ဦးတင်အေး၏ လယ်ယာကွက်မှ စက်ရေတွင်းတို့ကို ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းများသို့ ရေသွင်းထားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်များ လက်ရွေးစင်ချစ်ကြည်ရေး အမျိုးသားဘောလုံးပြိုင်ပွဲ

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော တက္ကသိုလ်များ လက်ရွေးစင်ချစ်ကြည်ရေး အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကို ကျင်းပရာ ရတနာပုံ(ခ)အသင်းက ဒဂုံ(ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပြိုင်ပွဲတွင် ပံ့ပိုးကူညီပေးကြသော လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုရအသင်းများမှ ပြိုင်ပွဲဝင်အားကစားသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုနှင့် နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ဆုရရှိကြသော အသင်းများအား ငွေသားဆုများနှင့် တံခွန်စိုက်ဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက္ကသိုလ်များလက်ရွေးစင်ချစ်ကြည်ရေး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဆုရရှိကြသော အသင်းများအား ငွေသားဆုများနှင့် တံခွန်စိုက်ဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ဤသို့ဖြင့် တစ်နေ့တွင် ကိုပေဟောဂင်ဆေးတက္ကသိုလ်မှ လူသားမျိုးပွားမှုဆိုင်ရာ ပါမောက္ခဒေါက်တာ အန်ဒါဆင်နှင့်အဖွဲ့က အဆိုပါ အမျိုးသမီးအား စတင်ခွဲစိတ်ကုသလေတော့သည်။ ဆရာဝန်များက ဘတ်ဟိုး၏ ညာဘက်သားအိမ်မှ သားအိမ်တစ်သျှူးမျှင် ၁၃မျှင်ကို ခွဲစိတ်ယူပြီး မပျက်စီးစေရန် ရေခဲသိမ်းဆည်းထားလိုက်သည်။ သူသည် ကင်ဆာရောဂါကုသပြီး ရှစ်လကြာပြီးနောက် ရောဂါသက်သာပျောက်ကင်းသွားသည်။ နောက်ထပ်တစ်နှစ်အကြာတွင် လုံးဝ ရောဂါပျောက်ကင်းသွားသည်ဟုဆိုသည်။

အမည်ပေးထား

ထိုအခါ ၎င်းအားကုသပေးခဲ့သည့် ဆရာဝန်များက သိမ်းဆည်းထားသော တစ်သျှူးမျှင် ၁၃မျှင်အနက် ခုနစ်မျှင်ကို ပြန်လည်ထည့်သွင်းပေးခဲ့သည်။ ယင်းတစ်သျှူးမျှင် ခုနစ်မျှင်မှာ သားအိမ်တစ်ခုလုံး၏ ၂၀ရာခိုင်နှုန်း ရှိသည်ဟုဆို၏။

ဘတ်ဟိုးသည် လအတန်ကြာပြီးနောက် သားအိမ်ပြန်လည်ကောင်းမွန်လာကာ ကိုယ်ဝန်ဆောင်နိုင်သည့် အနေအထားသို့ ရောက်ရှိခဲ့သည်။ ဤသို့ဖြင့် ဘတ်ဟိုးသည် ပထမဆုံးသော သမီးလေးကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် မွေးဖွားခဲ့သည်။ သမီးလေးကို အဗီယာဂျာဟု အမည်ပေးထားသည်။ ယခုအခါ အသက်သုံးနှစ်အရွယ် ရှိနေပြီဖြစ်သည်။

ဒုတိယမြောက်

ဘတ်ဟိုးတို့ ဇနီးမောင်နှံသည် သမီးတစ်ယောက် ထွန်းကားခဲ့သော်လည်း မကျေနပ်နိုင်သေးပေ။ ဒုတိယမြောက် ကလေးထပ်မံရယူရန် ဆရာဝန်များနှင့်တိုင်ပင်ကာ ကိုယ်ဝန်ထပ်မံရယူခဲ့ပြီး ၂၀၀၈ခုနှစ် စက်တင်ဘာလ၌ ဒုတိယမြောက် သမီးလေး မွေးဖွားခဲ့ပြန်သည်။ ၎င်းသမီးလေးအား လုကာဟု အမည်ပေးထားသည်။ ဘတ်ဟိုးသည် ထပ်မံကလေးယူရန် အခြေအနေကောင်းသော်လည်း ဆရာဝန်များက အသက်အန္တရာယ်ရှိ၍ ခွင့်မပြုဘဲရှိသည်။

ကမ္ဘာပေါ်တွင် သားအိမ်အစားထိုးကုသခြင်းဖြင့် မွေးဖွားသော ကလေး ရှစ်ဦးမျှသာရှိသည်။ သားအိမ်အစားထိုး ကုသခံရသော မိခင်လောင်းများ အနေဖြင့် ကလေးတစ်ဦးသာ မွေးဖွားပေးနိုင်ခဲ့သည်။

ထူးထူးခြားခြား

သို့သော်လည်း ဒိန်းမတ်နိုင်ငံသူ ဘတ်ဟိုးသည် ထူးထူးခြားခြား သားအိမ်အစားထိုး ကုသမှုခံယူပြီးနောက် ကလေးနှစ်ဦး မွေးဖွားနိုင်ခဲ့သည်။ ယင်းဖြစ်ရပ်မျိုးသည် ကမ္ဘာတွင် ပထမဆုံးပင်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား

အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် အကြီးစားစက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

…ရီ ၂၅ …ီးစီးဌာန …လွှင်သည် …ရက်အထိ …က်မြို့နယ် …က်တန်း …အထက် …ကံကြီး …ကျောင်းခွဲ …က်တန်း …း၊ ချင်း …ပ်မြို့နယ် … အခြေခံ … တွီးဒိန် …ျောင်းနှင့် …ယ်တန်း …း၊ မတူပီ

မကွေးတိုင်း ချင်းပြည်နယ်နှင့် မန္တလေးတိုင်းအတွင်းရှိ

အခြေခံပညာကျောင်းများ ညွှန်ချုပ် ကြည့်ရှုစစ်ဆေး

မြို့နယ် ရမ်တိန်း အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဖနိုင်အခြေခံပညာအလယ်တန်းကျောင်းနှင့် တပ်တွင်းအခြေခံပညာ မူလတန်းကျောင်းတို့ကိုလည်းကောင်း၊ ကန့်ပက်လက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းအတွင်းရှိ မြင်းခြံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အသေးစိတ်မှာကြား

ညွှန်ကြားရေးမှူးချုပ်သည် ဆောမြို့နယ် ကံကြီး အခြေခံပညာအထက်တန်းကျောင်းခွဲ၊ မင်းတပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မတူပီမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ကန့်ပက်လက်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းနှင့် မြင်းခြံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းခန်းမများ၌ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ တက္ကသိုလ်ဝင်တန်းသင် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ရေး၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဘာသာရပ်အလိုက် အောင်ချက်တိုးတက် မြင့်မားရေး၊ တာဝန်ကျရာဒေသများကို မိမိဒေသကဲ့သို့ သဘောထား၍ ကျေပွန်စွာ တာဝန်ထမ်းဆောင်ရေး၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းစဉ် အဆင့်အတိုင်း ပြင်ဆင်ထားရှိရေးတို့ကို အသေးစိတ် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မင်းတပ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အသက်တန်ဖိုး** တရားတော် ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MDG Co., Ltd. ၏ New Year 2010 ကံစမ်းမဲဖွင့်လှစ်ပွဲ အခမ်းအနား
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၃)
၈:၃၀	Sports World (Nuts)
၈:၄၅	Activities in the City (အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်မှ အလှူတော်မင်္ဂလာ)
၈:၅၅	အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
၉:၁၅	Activities in the City အထက(၁) သန်လျင် အာစရိယပူဇော်ပွဲ
၉:၃၅	Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ အောင်လွင်)(အပိုင်း-၆)
၁၀:၃၅	တစ်ခါစားကြည့်အရသာသိ စွဲငြိစေမည် မဟာဌာနီ
၁၀:၅၀	ကြည်ညိုဖွယ်အထူး ဘုရားဖောင်တော်ဦး
၁၁:၁၀	တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီပြပွဲကြီး
၁၁:၅၀	Vancuver 2010 Olympic Winter Games
၁၂:၄၀	ရေလိုင်းကြွစီရရီ…သမိုင်းဝင် စေတီဦးကိုဖူးမြော်လှည့်ပါ (စံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်)
၁:၀၀	**အသက်တန်ဖိုး** တရားတော် ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ
၂:၀၀	MRTV-4 သတင်း
၂:၄၅	သူတို့ပြောတဲ့သူတို့အကြောင်း သရုပ်ဆောင်ဇော်ဝင်းနိုင်(မန်း)နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၃)
၄:၀၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၁၀	တစ်ခါစားကြည့်အရသာသိ စွဲငြိစေမည် မဟာဌာနီ
၄:၃၀	World of Knowledge (World Greenest Home-19)
၅:၀၀	Activities in the City (အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်မှ အလှူတော်မင်္ဂလာ)
၅:၁၀	အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	လှပသစ်ဆန်းအလှပြင်ခန်း (Narumi)
၆:၃၀	ဖက်ရှင်လမ်းညွှန် (Casual Fashion)
၇:၀၀	ဟိုတယ်လမ်းညွှန် (ဟိုတယ်ဇွဲကပင်)
၇:၂၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၄၀	VJ Choice
၉:၁၀	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ဇော်ဝင်းနိုင်(မန်း)နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၃)
၁၀:၀၀	ဟိုတယ်လမ်းညွှန် (ဟိုတယ်ဇွဲကပင်)
၁၀:၂၀	VJ Choice
၁၀:၄၅	MDG Co., Ltd. ၏ New Year 2010 ကံစမ်းမဲဖွင့်ပွဲ အခမ်းအနား
၁၀:၅၅	လှပသစ်ဆန်းအလှပြင်ခန်း (Narumi)
၁၁:၀၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၁၅	ရော်ဘာစိုက်ပျိုး ပြည်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၁၁:၂၅	**မေတ္တာပန်းတို့မွေးပျံ့စေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး (ဒါရိုက်တာ-ခတ်ပုံရဲမြင့်လွင်)
၁၁:၄၀	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး **လူမိုက်နှင့်ကင်း ချမ်းသာခြင်း**
၁၁:၅၀	မန်းချောင်းတံတား
၁၁:၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

TV Guide စာစောင် အတွဲ (၁)၊ အမှတ် (၃၄)ကို မတ် ၅ရက်(သောကြာနေ့)တွင် ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Channel V ရုပ်သံလိုင်းတွင် Chosen One အဖြစ်ရွေးချယ်ခံထားရသည့် အမေရိကန်သူလေး Alicia Keys အကြောင်း၊ Spotlight Artist ကဏ္ဍတွင် One Republic အဖွဲ့ရဲ့ တေးသီချင်းတွေကို တင်ဆက်ပေးမည့်အစီအစဉ်၊ MTV ရုပ်သံလိုင်းတွင် ပြသမည့် MTV Unplugged: Paramore အစီအစဉ်၊ According to you သီချင်းနဲ့ အောင်မြင်မှုရရှိခဲ့တဲ့ ဩစတြေးလျအဆိုတော်မလေး Orianthi အကြောင်း၊ လန်ဒန်မှာ ပရိသတ်စိတ်ဝင်စားမှု အများဆုံးရရှိခဲ့တဲ့အပြင် အော်စကာဆုပေးပွဲမှာ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ Nine ရုပ်ရှင်ဇာတ်ကားနှင့် မတ်လမှာထွက်ရှိမှာဖြစ်ပြီး 3D အထူးပြုလုပ်ချက်များနဲ့အတူ စိတ်ကူးယဉ်ဆန်ဆန်စွန့်စားခန်းများပါဝင်သော Alice in Wonderland ရုပ်ရှင်ကားများ အကြောင်းပြသမည့် MTV at the Movies၊ MultiMax ရုပ်သံလိုင်းတွင် ပြသမည့် Smallville: Third Season၊ The Duchess ဇာတ်ကားများအကြောင်းနှင့် တစ်ပတ်စာအစီအစဉ်များ၊ မြန်မာစာတန်းထိုးများဖြင့် ပြသမည့် Jumper, The Silence of the Lambs, The Reader, Elegy, Dick Tracy စသည့် ရုပ်ရှင်ဇာတ်ကားများ၏ Highlight များ၊ Star Sports နှင့် ESPN ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် Vancouver 2010 Olympic Winter Games ပြိုင်ပွဲကြီး၏ ကြီးကျယ်ခမ်းနားသော ပိတ်ပွဲအကြောင်း၊ Malaysian Open 2010 Golf ပြိုင်ပွဲ၊ လီဗာပူး-ဘလက်ဘန်း၊ စပါး-အဲဗာတန်၊ ဆန်းဒါးလန်း-ဖူလ်ဟမ်၊ ဘော်လ်တန်-ဝုဖ်၊ စတုတ်စီးတီး -အာဆင်နယ်၊ ချယ်လ်ဆီး-မန်စီးတီးပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Animal Planet ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် တင်ဆက်ပေးမည့် Going Ape အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် တင်ဆက်မည့် Take Home Chef: Tara အစီအစဉ်၊ အစီအစဉ်အားလုံးအား မြန်မာစကားပြော၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များ၊ တေးသံရှင် သျှီ၏ ရောက်တတ်ရာရာ အစီအစဉ်နှင့် Heart to Heart အစီအစဉ်ကို ပရိသတ်များ၏ တောင်းဆိုမှုကြောင့် ပြန်လည်ထုတ်လွှင့်မည့်အကြောင်းစသည့် အစီအစဉ်များပါဝင်ပြီး ရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာအစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ် **(တနင်္ဂနွေနေ့)**

(၂၈-၂-၂၀၁၀) ရက်နေ့

၂၀၁၀ ခုနှစ် မတ်လအတွက်

(၁၄-၃-၂၀၁၀) ရက်နေ့

နှင့်

(၂၈-၃-၂၀၁၀) ရက်နေ့

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တော်(အခမဲ့) ဆေးခန်း၌ မျက်စိခွဲစိတ်မှုခံယူမည့် ဝေဒနာရှင်များအား တွေ့ဆုံအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်ရှိ အေးစေတီလမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်ခင်းကျင်းနေမှု၊ သာကေတ မြို့နယ် ၂/ မြောက်ရပ်ကွက်ရှိ တိုးချဲ့ (၁)လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့် ဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ခွဲစိတ်ကုသ

ထို့နောက် မြို့တော်ဝန်သည် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဖွင့်လှစ်ထားရှိသော မြို့တော်(အခမဲ့)ဆေးခန်းသို့ ရောက်ရှိပြီး တိုက်ကြီး၊ ဥက္ကံမြို့နယ်တို့မှ မျက်စိခွဲစိတ်ကုသမှုခံယူမည့် ဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်နီလာသိန်း ဦးဆောင်သည့် မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှု အားပေး သည်။ **(အပေါ်ယာပုံ)**

အဆိုပါ မြို့တော်(အခမဲ့)ဆေးခန်း၌ မျက်စိ အထူးကုအပြင် သွားနှင့်ခံတွင်းအထူးကုနှင့် အထွေထွေရောဂါကုသမှုများကိုပါ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ဖွင့်လှစ်ထားရှိရာ မည်သူမဆို အခမဲ့ လာရောက်ကုသနိုင် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မောင်ဆုရှင်၏ ခန္ဓာသန်စွမ်း စိတ်ရွှင်လန်းဖို့ လေ့ကျင့်ခန်းများနှင့် အိမ်တွင်းသမားတော် စာအုပ်များ ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ခန္ဓာသန်စွမ်းစိတ်ရွှင်လန်းဖို့ လေ့ကျင့်ခန်းများ စာအုပ်မှာ မူရင်းစာရေးသူ BOB ANDRESON၏ STRETCHING စာအုပ်ကို စာရေးဆရာ မောင်ဆုရှင်က ဘာသာပြန်ဆိုထားသော နောက်ဆုံးလက်ရာ စာအုပ်ဖြစ်သည်။ မူရင်းစာအုပ်သည် ကမ္ဘာ့တစ်ဝန်း၌ ဘာသာစကားပေါင်း ၁၉ မျိုးဖြင့် စောင်ရေသုံးသန်းကျော် ထုတ်ဝေခဲ့ရသည့် ခေတ်မီတစ်သက်တာ ကျန်းမာကြံ့ခိုင်ရေး လမ်းညွှန်စာအုပ်ဖြစ်သည်။

စာဖတ်သူတို့ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်နှလုံးရွှင်လန်းစွာ အသက်ရှည်ရှည် နေထိုင်နိုင်ကြစေရန် ကိုယ်လက်လှုပ်ရှား လေ့ကျင့်နိုင်သည့် အကြောဆန့်၊ အကြောဖြေ လေ့ကျင့်ခန်းများကို သရုပ်ဖော်ပုံများနှင့်တကွ အသေးစိတ်ညွှန်ကြားချက်များဖြင့် နည်းစနစ်တကျ ဖော်ပြထားပြီး အားကစားအသင်းအဖွဲ့များ၊ Gym များနှင့် Fitness Centre များ တွင် မရှိမဖြစ်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ကာကွယ်စောင့်ရှောက်

အလားတူ အိမ်တွင်းသမားတော် စာအုပ်မှာ လူတိုင်း ရံဖန်ရံခါ၌ ဖြစ်ပွားလေ့ရှိသော ရောဂါများအတွက် မိမိတို့၏ နေအိမ်တွင်ပင် အလွယ်တကူ ကာကွယ်စောင့်ရှောက်ကုသနိုင်သော ဆေးဝါးနှင့် နည်းလမ်းများကို THE DOCTORS BOOK OF HOME REMEDIES မှ စာရေးဆရာမောင်ဆုရှင်က ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

အိမ်တွင်းသမားတော် (ပထမတွဲ+ဒုတိယတွဲ)သည် မိမိတို့၏ မိသားစုဝင်များတွင် ကျန်းမာရေး ပြဿနာကြီးငယ် ပေါ်ပေါက်လာခဲ့ပါက အချိန်သင့် စောင့်ရှောက်မှုအတွက် ထောက်ကူအားထားနိုင်ရန် ရည်ရွယ်ပြုစုထားပြီး နေအိမ်အတွင်း နေ့စဉ်လိုသလိုဖတ်ရှုကိုးကားလျက် ၂၄နာရီ ဆရာဝန်အသင့် အခြေအနေမျိုးဖြင့် ဖတ်ရှုလေ့လာအသုံးချနိုင်ကာ ၂၀၀၉ခုနှစ်အတွက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ခြင်းခံရသော စာအုပ်ဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

အထက်ပါ စာအုပ်များကို ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိပြီး ဆက်သွယ်ရန် ဖုန်း -၀၁-၂၉၆၃၂၅နှင့် ၀၁-၂၉၆၂၆၁ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရှင်သန်ရေး ရေဦးမြို့နယ်၌ ဟောပြောဆွေးနွေး

ရေဦး ဖေဖော်ဝါရီ ၂၅

ရေဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရှင်သန်ခိုင်မာမှု ရှိစေရေးအတွက် ဖေဖော်ဝါရီ ၄ရက်က မုံ့တိုင်ပင်စံပြကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ရာ စာကြည့်တိုက်များရှင်သန်ခိုင်မာရေးအတွက် သတ်မှတ်စံ (၅)ချက် ပြည့်စုံရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ စာအုပ်၊ စာစောင်များတိုးပွားလာရေးနှင့် ကျေးလက်နေပြည်သူများ စာဖတ်သည့် အလေ့အကျင့်မှုလထက် ပိုမိုတိုးပွားအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက်မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်စန်းက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစိန်ထွန်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

တပေါင်းလပြည့်နေ့နှင့် တောင်သူလယ်သမားနေ့တို့တွင် လော်ကားဥယျာဉ် ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို ဖေဖော်ဝါရီ ၂၇ရက် (တပေါင်းလပြည့်နေ့)နှင့် မတ် ၂ရက် (တောင်သူလယ်သမားနေ့)တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရန်ပုံငွေ ကျပ် ၄၇၈၆၀၀၀ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့သော သူဌေးကုန်း လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မတ်လထုတ် မြဝတီမဂ္ဂဇင်းထွက်နေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မတ်လထုတ် မြဝတီမဂ္ဂဇင်းတွင် ဖိုးရှန်နိုင် (ကျောက်ကြီး)၊ ကို (တက္ကသိုလ်)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ကျော်စွာသူ (သာယာဝတီ)၊ ရွှေစင် (ပေါက်ခေါင်း)၊ ညွန့်ဝေ (ကသာ)၊ မင်းယုဝေ၊ မောင်စိန်ဝင်း (ပုတီးကုန်း)တို့၏ ကဗျာများ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ အောင်ကျော်၊ စည်သူကျော်တို့၏ ကာတွန်းများ၊ ရှင်ဉာဏ(ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ဗိုလ်ကလေး တင့်အောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ ပီကျော်ဟန်၊ တက္ကသိုလ်တင်ခ၊ ချစ်စံဝင်း၊ မြင်းမူ မောင်နိုင်မိုး၊ မောင်စူးစမ်း၊ ကိုခန့် (သုတေသန)၊ ရဲမာန်ခ၊ ရဲမြင့်သိန်း (မွန်မြတ်စေတနာ)၊ သက်နောင်(ရာစုသစ်)၊ မောင်ဘုန်း၊ ကိုငယ်၊ ထွန်းလှိုင်၊ ကျော်ဇောဟိန်း (ဒေါပုံ)၊ ဓမ္မဝေပုလ္လ (အရှင်သုန္ဒရ)၊ မျိုးမင်း၊ စိုးဝင်း (မြစ်ခြေ)၊ စံ-ဇာဏီဘိုတို့၏ဆောင်းပါးများ၊ နီသင်အောင်ကျော်မိုး၊ ဇွန်း၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ကောင်းသော်၊ ကိုမို့ဦး (မြင်းခြံ)၊ နွေ၊ နိုင်ဇော်တို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ ရသများ ပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည် ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ် (၁၈၁) ၃၂လမ်း(အထက်)ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်း ဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်အတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ လူမှုရေး အကူအညီများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းလျက်ရှိသော Emmanuel Foundation အောက်ရှိ i Love Myanmar အဖွဲ့က ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင် (ICU) အတွက် ဆေးရုံသုံး ပစ္စည်းများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ၊ Emmanuel Foundation မှ ဒါရိုက်တာဦးဒံယယ်လလင်း၊ i Love Myanmar အဖွဲ့ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ i Love Myanmar အဖွဲ့ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင် အသက်ကယ်စက်မောင်းရန်အတွက် အမေရိကန်ဒေါ်လာ သုံးသောင်းတန်ဖိုးရှိ Air Compressor နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံ၍ **(အောက်ပုံ)** ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ် တပေါင်းလဆန်း ၁၄ရက် (အဖိတ်နေ့)

၂၆-၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နွေဦးဆောင်း နှောင်းလတပေါင်း(အပိုင်း-၁)
၈:၄၀	၆။	International News
၈:၄၅	၇။	အတီးပြိုင်ပွဲ
၉:၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၁၅	၃။	**ဓမ္မဒီပါမှာထွန်းတဲ့ကျွန်း**
၄:၅၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀	၆။	မြန်မာစာ၊ မြန်မာစကား
၅:၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၅:၃၀	၈။	ပဋ္ဌာလက်ကျောင်းတော်
၆:၀၀	၉။	ညနေခင်းသတင်း
၆:၁၅	၁၀။	မိုးလေဝသအခြေအနေ
၆:၂၀	၁၁။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၄)
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၂၁)
	၁၇။	သီချင်းချစ်သူ(တူးတူး)
	၁၈။	အစီအစဉ်ပြီး၏။

စာအုပ်စာပေ လှုမိတ်ဆွေ

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

တိုက်စစ်မှူး ဘိုဆယ်လီအား ဘာမင်ဂမ် စာချုပ်ရေးနီးစပ်

ပြောင်းရွှေ့ကြေးမြင့် အာဂျင်တီးနား တိုက်စစ်မှူး မာရိုဘိုဆယ်လီအား ဘာမင်ဂမ်အသင်းက စာချုပ်ခေါ်ယူရေး နီးစပ်လာပြီဖြစ်ကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

ပီလာအား ဗလင်စီယာရောင်းပါက မန်ယူခေါ်ယူမည်

ယခုနွေရာသီတွင် စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ဗလင်စီယာအသင်းက ထုတ်ရောင်းမည်ဆိုပါက မန်ယူက စာချုပ်ခေါ်ယူမည်ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဘာစီလိုနာ၌ ဆက်နေမည်ဟု အဲလ်ဗက်စ်ဖွင့်ဟ

ဘာစီလိုနာ ညာနောက်ခံလူ ဒါနီအဲလ်ဗက်စ်သည် အသင်းတွင် ဆက်နေမည်ဟု အခိုင်အမာပြောကြားလိုက်ခြင်းဖြင့် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန်ဆက်သွယ်နေသည်ဟူသော ထင်ကြေးသတင်းများကို အဆုံးသတ်စေလိုက်ကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

မန်စီးတီးက စာထပ်ချုပ်ရန်ကမ်းလှမ်းမှု ရိုက်ဖီးလစ်ငြင်းပယ်

မန်စီးတီးတောင်ပံကစားသမား ရိုက်ဖီးလစ်သည် ၎င်းအားအသင်းက လစာတိုးမြှင့်ပေးရန် မကမ်းလှမ်းခဲ့မှုကြောင့် အသင်းနှင့်စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ငြင်းပယ်ခဲ့ကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။

အီရစ်ဆင်အား အာဆင်နယ်က စာချုပ်ခေါ်ယူနိုင်ရေးနီးစပ်

နယ်သာလန်မှ အာဆင်နယ်ကစားသမားဟောင်း ဒင်းနစ်ဘားကင့်၏ ထောက်ခံမှုကို ရရှိခဲ့ပြီးနောက် အေဂျက်ဇ်အသင်းမှ အသက်၁၈နှစ်အရွယ်ကစားသမား ခရစ္စတီယန် အီရစ်ဆင်အား အာဆင်နယ်က စာချုပ်ခေါ်ယူနိုင်ရေး နီးစပ်လာပြီ ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ပွဲထွက်မှုကို ဟာဒီနန်ကန့်သတ်ဖွယ်ရှိဟု ဖာဂူဆန်ယုံကြည်

မန်ယူခံစစ်မှူး ရီယိုဖာဒီနန်သည် ၎င်း၏ နိုင်ငံလက်ရွေးစင်အသင်းကစားသမားဘဝကို ချင့်ချိန်ဖွယ်ရှိပြီး ထပ်ခါတလဲလဲဖြစ်ပေါ်နေသော ကျောကုန်းဒဏ်ရာပြဿနာများကြောင့် ၎င်း၏ ပွဲထွက်မှုကိုလည်း ကန့်သတ်ဖွယ်ရှိသည်ဟု နည်းပြဖာဂူဆန်က ပြောကြားခဲ့ကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။

တစ်နေ့တွင် ရွှန်နေနှင့်တွဲ၍ ပြန်ကစားမည်ဟု စီရိုနယ်ဒိုဖွင့်ဟ

ရီရဲမက်ဒရစ်ရောက် မန်ယူကြယ်ပွင့်ဟောင်း စီရိုနယ်ဒိုက ၎င်းအနေဖြင့် မန်ယူကစားဖော် ရွှန်နေနှင့် တစ်နေ့သောအခါတွင် ပြန်လည်တွဲဖက်ကစားလိုသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

ပရိုက်ဇ်ဖိုက်တာကို နိုင်မည်ဟု ဖလော်နွိုင်းယုံကြည်

လက်ဝှေ့သမားဖလော်နွိုင်းသည် ဖေဖော်ဝါရီ ၂၆ရက် (ယနေ့)တွင် လိုက်မစ်ဒယ်ဝိတ်တန်းလက်ဝှေ့ပွဲစဉ်တွင် ပရိုက်ဇ်ဖိုက်တာနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲစဉ်တွင် အနိုင်ရရှိရန် ယုံကြည်သည်ဟု ပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဒါဗီဒင်ကို ဒေးဗစ်ဖလားပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိ

တင်းနစ်အကျော်အမော် နီကိုလေဒါဗီဒင်ကိုသည် တံတောင်ဆစ်ဒဏ်ရာကြောင့် ယူအေအီး၌ ကျင်းပသည့် ဒူဘိုင်းချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ရုရှားတွင် ကျင်းပမည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲနှင့်လည်း လွဲချော်ဖွယ်ရှိကြောင်း အင်တာနက်၌ ဖော်ပြသည်။

ချန်ပီယံလိဂ် ပထမအကျော့ရလဒ်

၂၅-၂-၂၀၁၀

အင်တာမီလန်	၂ - ၁	ချယ်လ်ဆီး
စီအက်စ်ကေအေမော်စကို	၁ - ၁	ဆီဗီလာ

အက်ဖ်အေဖလား အနိုင်အရှုံးရလဒ်

စတုတ်စီးတီး	၃ - ၁	မန်စီးတီး
စပါး	၄ - ၀	ဘော်လ်တန်
အက်စ်တွန်ဗီလာ	၃ - ၁	ခရစ္စတယ်ပဲလေ့စ်
ရက်ဒင်း	၃ - ၂	ဝက်စ်ဘရွှန်း

(အင်တာနက်)

အိမ်ကွင်းမှာ ခက်ခက်ခဲခဲ ဖြတ်သန်းရဦးမည့် ချယ်လ်ဆီး အာစင်ဝင်းဂါး ရင်ပူရဦးမည့် စတုတ်တို့နဲ့ ပွဲစဉ်(၂၈)

မောင်မောင်မြင့်ဆွေ-စုစည်းရေးသားပြီး လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၅

ပရီမီယာလိဂ်ပွဲစဉ် (၂၈)ကို ဖေဖော်ဝါရီ ၂၇ရက်နှင့် ၂၈ရက်များ၌ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုပွဲစဉ်၌ ချယ်လ်ဆီးက အိမ်ကွင်းတွင် မန်စီးတီးကိုဧည့်ခံကစားရမည်ဖြစ်ပြီး ထိပ်ဆုံးလေးနေရာဝင်ရန် ကြိုးစားနေသည့် လီဗာပူးတို့လည်း အိမ်ကွင်း၌ ဘလက်ဘန်းနှင့် ယှဉ်ပြိုင်ရမည်၍ ပွဲကျပ်နေသည်။ ထို့အတူ အာဆင်နယ်ကလည်း အဝေးကွင်း၌ စတုတ်နှင့် ရင်ဆိုင်ရမည်ဖြစ်ရာ အားသွန်ကစားရမည့်ကိန်း ဆိုက်နေပြန်သည်။

ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ်၏ ကစားဟန်။

ချယ်လ်ဆီးနှင့် မန်စီးတီး

မန်ယူကို အမှတ်ဖြတ်ထားရန်အတွက် ချယ်လ်ဆီးတို့ ရမှတ်လိုအပ်နေသည်။ ချယ်လ်ဆီး အိမ်ကွင်း၌ မန်စီးတီးတို့နှင့်ဆုံတိုင်း နိုင်ပွဲရခဲ့မှု များသည်။ နောက်ဆုံး ငါးပွဲကို ပြန်ကြည့်လျှင် မန်စီးတီးတို့ ချယ်လ်ဆီးကွင်း၌ တစ်ပွဲမျှ မနိုင်ခဲ့။ ယခုနှစ် ပထမအကျော့ ပွဲစဉ်အဖြစ် မန်စီးတီးကွင်း၌ ကစားခဲ့ရာ ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပွဲကြုံခဲ့သည်။ ယခု ဒုတိယအကျော့၌ ရှုံးကြွေးဆပ်မည်ဖြစ်သည်။ သို့သော် ပရီမီယာလိဂ် သမိုင်းတစ်လျှောက် ချယ်လ်ဆီးနှင့် မန်စီးတီးတို့ ပွဲပေါင်း ၁၀၀ကျော် ဆုံတွေ့ခဲ့ရာ၌ ချယ်လ်ဆီးတို့က ၅၃ပွဲ နိုင်ခဲ့သည်။ မန်စီးတီးတို့က ပွဲ ၄၀နိုင် ခဲ့ပြီး ၃၆ပွဲ သရေကျခဲ့သည်။ ချယ်လ်ဆီးတို့ အမှတ်ပြည့်ရရန် လိုအပ်နေရာ အနိုင်ရအောင်ကစားမည်ဖြစ်သော်လည်း သရေပွဲလည်း ကြုံသွားနိုင်သည်။

စတုတ်နှင့် အာဆင်နယ်

အာဆင်နယ်ခြေစွမ်းက ပြန်ငြိမ်လာသည်။ ပွဲတိုင်း ရလဒ်ကောင်းအောင် ထိန်းပြီး ကစားနိုင်သည်။ သို့သော် စတုတ်တို့က အိမ်ကွင်း၌ အသင်းကြီးများကို အနိုင်ရအောင် ကစားနိုင်သည့် ခြေစွမ်းရှိသည်။ ယခုနှစ် ပရီမီယာလိဂ် ပထမအကျော့၌ အာဆင်နယ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အာဆင်နယ်တို့ အနိုင်ရရှိထားသည်။ သို့သော် စတုတ် အိမ်ကွင်း၌မူ အာဆင်နယ်တို့ နိုင်ပွဲရမှုနည်းသည်။ စတုတ်ကွင်း၌ အာဆင်နယ်တို့ နောက်ဆုံးသုံးပွဲ ယှဉ်ပြိုင်ခဲ့ရာတွင် နှစ်ပွဲရှုံးပြီး တစ်ပွဲသရေဖြစ်ခဲ့သည်။ တစ်ပွဲမျှ နိုင်ပွဲမရခဲ့။ ယခုပွဲစဉ်၌ စတုတ်ကွင်းတွင် အာဆင်နယ်လူ အခင်းအကျင်းကို ကြည့်ရမည်ဖြစ်သည်။ ပွဲထွက် ကစားသမားစာရင်းနှင့် ပတ်သက်လာလျှင် ခေါင်းမာတတ်သည့် အာစင်ဝင်းဂါး၏ အစီအမံက ယခုပွဲရလဒ် အပြောင်းအလဲ ဖြစ်သွားနိုင်သည်။ စတုတ်တို့ကလည်း အိမ်ကွင်း၌ ခံကစားမည်ဖြစ်ရာ အဖြစ်နိုင်ဆုံးရလဒ်က တစ်မှတ်စီခွဲယူရဖွယ်ရှိသည်။



အာဆင်နယ်အတွက် အဓိက အားထားရသော ဖာဘရီဂတ်စ်။

လီဗာပူးနှင့် ဘလက်ဘန်း

ဘလက်ဘန်းတို့ ခြေစွာသော်လည်း လီဗာပူးတို့က မည်သို့နိုင်ပွဲရအောင် ကစားရမည်ကို သိနေသည်။ ဖိအားပေးခံနေရသော နည်းပြ ဘင်နီတက်ဇ် ယခုပွဲ၌ လူစုံထုတ်ကစားရမည်မှာ သေချာသည်။ ဘလက်ဘန်း၏ ခြေစွမ်းက လျှော့တွက်၍ မရချေ။ ပထမအကျော့ ဘလက်ဘန်းကွင်း၌ လီဗာပူးတို့ကို ဂိုးမရှိသရေပွဲဖြစ်ထားသည်။ သို့သော် အိမ်ကွင်း၌ ဘလက်ဘန်းနှင့် ဆုံတိုင်း နိုင်ပွဲရအောင်ကစားခဲ့သည့် အစဉ်အလာကို ဘင်နီတက်ဇ် ဆက်ထိန်းရန် ကြိုးစားမည်ဖြစ်သည်။ လီဗာပူးတို့ အမာခံကစားသမားများ အပြည့်အဝ ထုတ်သုံးလျှင် အန်ဖီးလ်ကွင်း၌ လီဗာပူးပရိသတ်များ အောင်ပွဲခံနိုင်ကြပေလိမ့်မည်။

ဘော်လ်တန်နှင့် ဝုဗ်

တန်းဆင်းဇုန်မှ ရုန်းထွက်ရန်အတွက် ယခုပွဲ၌ ဘော်လ်တန်တို့အနိုင်ရလဒ်ပိုင်ဆိုင်ရေး အားကုန်ထုတ် ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်၌ ဝုဗ်ကွင်းတွင် ဘော်လ်တန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့သည်။ ယင်းအကြွေးကို ယခုပွဲ၌ဘော်လ်တန်တို့ ပြန်ဆပ်ရန် ကြိုးစားမည်ဖြစ်သည်။ ဘော်လ်တန်နှင့် ဝုဗ်တို့ ဘော်လ်တန်ကွင်း၌ နောက်ဆုံးငါးပွဲ ကစားခဲ့မှုရလဒ်ကို ကြည့်လျှင် ဘော်လ်တန်တို့နိုင်ပွဲများခဲ့သည်။ နိုင်ပွဲရလိုမှု စိတ်ဓာတ်ပြင်းထန်နေသော ဘော်လ်တန်ကို ယခုပွဲ၌ အလေးသာသွားနိုင်သည်။

ဘန်လေနှင့် ပို့စ်မောက်

ပထမအကျော့ပွဲစဉ်၌ ဘန်လေတို့ နှစ်ဂိုးပြတ်ရှုံးခဲ့သည်။ ယခုနှစ်၌ ဘန်လေတို့ အဝေးကွင်းနိုင်ပွဲ ဈေးဦးမပေါက်သေးချေ။ သို့သော် အိမ်ကွင်း၌နိုင်ပွဲရအောင် ကစားတတ်သည့် ဘန်လေကို ပို့စ်မောက်တို့ လက်ရှိခြေစွမ်းနှင့် အနိုင်ရရန် မလွယ်ချေ။ နှစ်သင်းစလုံး တန်းဆင်းဇုန် အတွင်းကျရောက်နေသဖြင့် ခြေကုန်ထုတ်ကာ နိုင်ပွဲရလဒ်သိမ်းပိုက်ရေး ကြိုးစားကြမည်ဖြစ်သည်။ ဘန်လေကွင်း ဖြစ်သော်လည်း ယခုပွဲ၌ ပို့စ်မောက် အမှတ်ယူသွားဖွယ်ရှိသည်။

ဆန်းဒါးလန်းနှင့် ဖူလ်ဟမ်

အိမ်ကွင်း၌ ဆန်းဒါးလန်း ခြေစွမ်းက တည်ငြိမ်သည်။ နိုင်ပွဲရအောင်လည်း ကစားနိုင်သည်။ ပထမအကျော့ ဖူလ်ဟမ်ကွင်း၌ ဆန်းဒါးလန်းတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲ ကြုံခဲ့သည်။ ယခုပွဲ၌ ဆန်းဒါးလန်းတို့ ရှုံးကြွေးပြန်ဆပ်ရန် ကြိုးစားမည်မှာ သေချာသည်။ သို့သော် ဖူလ်ဟမ်တို့က စုစည်းအားကောင်းပြီး အချိတ်အဆက် မိမိ ကစားနိုင်သည်ဖြစ်ရာ ယခုပွဲရလဒ်မှာ ညီမျှခြင်း ကျသွားနိုင်သည်။

စပါးနှင့် အဲဗာတန်

အကြိတ်အနယ်ရှိရမည့်ပွဲဖြစ်သည်။ ပရီမီယာလိဂ်၌ စပါးနှင့် အဲဗာတန်တို့ ပွဲပေါင်း၁၅၀ခန့် ဆုံတွေ့ယှဉ်ပြိုင်ခဲ့ရာတွင် စပါးတို့က ၅၃ပွဲ နိုင်ခဲ့သည်။ အဲဗာတန်တို့က ၄၆ပွဲနိုင်ပြီး ၄၆ပွဲ သရေကျခဲ့သည်။ တစ်သင်းနှင့်တစ်သင်း ခြေစွမ်းက မကွာချေ။ စပါးကွင်း၌ အဲဗာတန်နှင့် နောက်ဆုံးငါးပွဲ ယှဉ်ပြိုင်ခဲ့ရာတွင် စပါးတို့ နှစ်ပွဲသာ အနိုင်ရခဲ့သည်။ ယခုနှစ်၌ အဲဗာတန်တို့ အဝေးကွင်း ရလဒ်များ ဆိုးရွားလျက်ရှိရာ လက်ရှိကစားအားနှင့် စပါးကို အနိုင်ရရန် ခက်ခဲမည်ဖြစ်သည်။ သရေရလဒ် လည်းပေါ်ပေါက်နိုင်သည်။ ။

ကိုးကား-အင်တာနက်

ကာလင်းဖလားဗိုလ်လုပွဲကြီး မန်ယူနှင့်ဗီလာ ဝင်ဘလေမှာဆုံကြလေပြီ

လန်ဒန် ဖေဖော်ဝါရီ ၂၅

လာမည့်ဖေဖော်ဝါရီ ၂၈ရက် **(တနင်္ဂနွေနေ့)** တွင် လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ကာလင်းဖလားဗိုလ်လုပွဲကြီး အကြိတ်အနယ်ယှဉ်ပြိုင်ကစားတော့မည် ဖြစ်သည်။

ဗိုလ်လုပွဲသို့ တက်ရောက်လာသောအသင်းများမှာ ပရီမီယာလိဂ်ချန်ပီယံ မန်ယူနှင့် အက်စ်တွန်ဗီလာအသင်းတို့ ဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် မန်ယူက မန်စီးတီးကို နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ထို့အတူ အက်စ်တွန်ဗီလာကလည်း ဘလက်ဘန်းကို နိုင်ပြီး ဗိုလ်လုပွဲတက်လှမ်းလာခြင်း ဖြစ်သည်။

ဆုံတွေ့မှုမှတ်တမ်း

မန်ယူနှင့် အက်စ်တွန်ဗီလာတို့ လတ်တလောထိပ်တိုက်ဆုံတွေ့မှုကို လေ့လာကြည့်လျှင် ပရီမီယာလိဂ်ပွဲစဉ်(၂၆)တွင် ဆုံတွေ့ခဲ့ပြီးဖြစ်သည်။ ထိုစဉ်က တစ်ဂိုးတစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ အမှန်မှာ ဤရလဒ်အဖြေသည် မန်ယူတို့ အနိုင်ရနိုင်သည့် အနေအထားဖြစ်သည်။ သို့စေကာမူ မန်ယူကစားသမား နာနီသည် အနီကတ်ဖြင့် ယင်းပွဲ၌ ထွက်ခဲ့ရခြင်းကြောင့်လည်းကောင်း၊ အက်စ်တွန်ဗီလာအိမ်ကွင်း ကစားခဲ့ရခြင်းကြောင့်လည်းကောင်း သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအနေအထား

လက်ရှိအနေအထားတွင် မန်ယူနည်းပြကြီးဖာဂူဆန်က ယခုနှစ်ရာသီအတွက် အက်ဖ်အေဖလားလက်လွှတ်ခဲ့ရပြီဖြစ်၍ ကာလင်းကို အရယူမည့် အနေအထားရှိသည်။ တိုက်စစ်မှူးရွှန်နေသည် ဖာဂူဆန်အားထားရသော တိုက်စစ်မှူးဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအတွက် ၂၇ဂိုး သွင်းယူပေးခဲ့ပြီးဖြစ်သည်။

အားနည်းချက်ရှိ

ဖာဂူဆန်သည် ကာလင်းဖလားကို အရယူရန်မှန်းထားသော်လည်း မန်ယူအတွက် အဓိက အားထားရသော ဖာဒီနန်၊ အန်ဒါဆင်နှင့် ရိုင်ယန်ဂစ်တို့ ဒဏ်ရာရရှိထားကြသည်။ ဖာဒီနန်နှင့် အန်ဒါဆင်တို့မှာ သေချာပေါက် ကာလင်းဖလားဗိုလ်လုပွဲနှင့် လွဲချော်မည်ဖြစ်၍ မန်ယူနောက်တန်း အတွက် အားနည်းချက်ရှိနေသည်။ သို့သော် အီဗရာ၊ ဘရောင်းနှင့် အီဗန်းတို့သည် မန်ယူခံစစ်ကို ခိုင်မာအောင်ကစားမည့် အနေအထားရှိနေသည်။ ရွှန်နေ၊ ဘာဘာတော့ဗ်နှင့် မိုက်ကယ်အိုဝင်တို့သည် ဗလင်စီယာ၊ ကာရစ်၊ ပတ်ဂျီဆန်တို့၏ ပံ့ပိုးမှုများဖြင့် ဂိုးများသွင်းယူသွားမည့်အနေအထားရှိသည်။

မန်ယူကဲ့သို့ ဗီလာတွင်လည်း နောက်တန်းကစားသမား စတီဗင်ဝါနူ ထိခိုက်ဒဏ်ရာရရှိထားသည်။ ပါဝင်မည်၊ မပါဝင်မည်မှာ မသေချာပေ။ သို့သော်လည်း နည်းပြမာတင်အိုနေးလ်က ဗီလာ၏အားထားရသော ခံစစ်မှူးဖြစ်၍ အချိန်မီပြန်လည်ကစားနိုင်ရန် မျှော်လင့်ထားသည်။ လက်ရှိ အက်စ်တွန်ဗီလာ၏အခြေအနေမှာ ပရီမီယာလိဂ်မှာရော အက်ဖ်အေမှာပါ ခြေစွမ်းပြကစားနေသော အသင်းဖြစ်သည်။

နည်းပြမာတင်အိုနေးလ်သည် ဤကာလင်းဖလားဗိုလ်လုပွဲတွင် အဓိက ကစားသမားများအဖြစ် ကူလာ၊ ဒေါင်းနင်း၊ မီလ်နာ၊ ဆစ်ဝဲလ်၊ အဘွန်လဟောတို့နှင့်အတူ ပွဲထွက်လာဖွယ်ရှိသည်။ အက်စ်တွန်ဗီလာအသင်းသည် ၁၉၉၄ခုနှစ်က အက်ဖ်အေဖလားကို နောက်ဆုံးဆွတ်ခူးနိုင်ခဲ့သည်။ ယင်းအောင်ပွဲရလဒ်ကို အက်စ်တွန်ဗီလာ ပရိသတ်များက မျှော်လင့်ထားသည်။ သို့သော်လည်း မန်ယူက ကာလင်းဖလားကို အရယူရန် အားခဲပြင်ဆင်ထားပြီး ဖြစ်သည်။

အသစ်စက်စက်

အသစ်စက်စက်တည်ဆောက်ထားသော ဝင်ဘလေကွင်းကြီးကလည်း မန်ယူနှင့် အက်စ်တွန်ဗီလာ၏ အကြိတ်အနယ်ပွဲအတွက် အသင့်ဖြစ်နေပြီဖြစ်သည်။ မည်သည့်အသင်းက ဖလားရယူသွားမည့်အဖြေကို ဖေဖော်ဝါရီ ၂၈ရက် ညချမ်းမှာ စောင့်ကြည့်ကြရပေဦးမည်။ ။

ကိုးကား-အင်တာနက်

မြင့်မောင်စိုး-စုစည်းရေးသားသည်

တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း မနောမြေအက်ဖ်စီဘောလုံးအသင်းမိတ်ဆက်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ်ကိုယ်စားပြု မနောမြေအက်ဖ်စီဘောလုံးအသင်း မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းတက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက အသင်းဖွဲ့စည်းထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးထံ အသင်းတံဆိပ်အလံနှင့် အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယှဉ်ပြိုင်ကစား

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို လွှဲပြောင်းပေးအပ်သည်။ **(ယာပုံ)** ထို့နောက် တိုင်းမှူးသည် ပြည်နယ်အားကစားပြိုင်ကွင်း၌ ကျင်းပသော မနောမြေအက်ဖ်စီအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ခုနှစ် စာပေဗိမာန် စာမူဆု ဝတ္ထုရှည် (ပထမဆုရ) သုသိဏ်ရေးသားသည့် မြမြစ်နဒီစာအုပ်ကို စာအုပ်အသင်း၏ ၅၇အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ် အင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၈၇ခုနှစ်တွင် Mechanical, Civil, Electrical, Electronics, Chemical, Mining, Petroleum, Metallurgy, Textile နှင့် Architect ဘွဲ့ရ အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၆)ကြိမ်မြောက် မိတ်ဆုံစားပွဲကို မတ် ၂၈ရက် (တောင်သူလယ်သမားနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ အင်းယားလိပ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ၁၉၈၇နှစ်ထက် နောက်ကျ၍ ဘွဲ့ရခဲ့သော သူငယ်ချင်းများအားလည်း ထိုနေ့တွင် တက်ရောက်ကြရန် ဖိတ်ခေါ်ထားသည်။ အသေးစိတ် အချက်အလက်များကို ကျောင်းသားဟောင်းများဖြစ်ကြသော မိုးမြင့်ကျော် ဖုန်း- ၅၄၇၁၆၈၊ ခင်မောင်လွင်(ကြက်တော) ဖုန်း-၀၉-၅၀၀၄၀၈၉၊ ကိုကိုအေး ဖုန်း-၀၉-၅၁-၁၉၀၇၀နှင့် သော်တာ ဖုန်း-၀၉-၅၀၁၅၃၈၃တို့သို့ ဆက်သွယ်လျှဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အတ္တရံမြို့သစ် ဂါလန် ၂၄၀၀၀ဆံ့ စင်မြင့်ရေလှောင်ကန်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ရပ်မိရပ်ဖ ဦးကျော်မောင်တို့က ဖေဖော်ဝါရီ ၇ရက်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များဖြစ်ထွန်းရေး ဆွေးနွေး

မော်လမြိုင် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မိန့်ခွန်းပါမှာကြားချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းပွဲနှင့် ဝန်ကြီးမှ ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း ဆောင်ရွက်ရန် ရည်မှန်းချက်တာဝန် (၁၂)ရပ်အား ချပြရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက မော်လမြိုင်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်၊ ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်ရုံးဝန်ထမ်းများ တက်ရောက်သည်။

မှာကြား

ရှေးဦးစွာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူးက (၁၉)နှစ်မြောက် ဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မိန့်ခွန်းပါမှာကြားချက်များကို ချပြရှင်းလင်း ဆွေးနွေးခြင်း၊ ၂၀၀၉ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များ၏ အားနည်းချက်များ၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်ပြီး ၂၀၁၀-၂၀၁၁ခုနှစ်တွင် ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန် (၁၂)ရပ်ကို တစ်ချက်ချင်းရှင်းလင်းပြီး ဝန်ထမ်းအားလုံးက ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးသည်။

ဖွင့်လှစ်သွားရေး

ဆက်လက်၍ ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း မွန်ပြည်နယ်အတွင်း စံ(၅)ချက်နှင့် ညီညွတ်သည့် အခိုင်အမာစာကြည့်တိုက် ဆောင်ရွက်ရန် ကျန်ရှိသော စာကြည့်တိုက် ၃၈၇တိုက်ကို ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရမည့် လအလိုက် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု စွမ်းရည်မြှင့် သင်တန်းများ ဖွင့်လှစ်သွားရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

Rinnai Gas Cooker ပစ္စည်းသစ်များ မိတ်ဆက်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံ Rinnai Corporation မှ ထုတ်လုပ်ပြီး Myanmar Kowa International ကုမ္ပဏီလီမိတက်က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိသော Rinnai Gas Cooker ကုန်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဝယ်ယူအားပေး

အခမ်းအနားတွင် Myanmar Kowa International Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးနိုင်လင်းနှင့် Rinnai Corporation (Japan) မှ အထွေထွေမန်နေဂျာ Mr. Yoshida Yuzo တို့က ကျေးဇူးတင်စကားပြောကြားကြပြီး Myanmar Kowa International Co.,Ltd. မှ အမှုဆောင်ဒါရိုက်တာ ဦးဝေလွင်က ရှင်း(လ်)နိုင် ကုန်ပစ္စည်းသစ်များအကြောင်းကို ရှင်းလင်းပြောကြားရာတွင် Myanmar Kowa International Co.,Ltd. သည် ဂက်(စ်) နှုန်းသက်သာပြီး သဘာဝပတ်ဝန်းကျင်ကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ဂျပန်နိုင်ငံထုတ် Rinnai Gas Cooker များကို မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်ရယူပြီး ဖြန့်ချိလျက်ရှိကြောင်း၊ Rinnai Gas Cooker များကို မြန်မာပြည်သူများ အများအပြား ဝယ်ယူအားပေးလျက်ရှိကြောင်း၊ ယခုအသစ်ထပ်မံတင်သွင်းထားသည့် HI-150P Commercial Single Gas Cooker သည် Metal Plate Bumer Head အသုံးပြုထားခြင်းကြောင့် သာမန်ဂက်(စ်) မီးဖိုများထက် မီးထွက်အား ကောင်းမွန်ပြီး အချိန်ကြာမြင့်စွာ ချက်ပြုတ်နိုင်ကြောင်း၊ ချက်ပြုတ်နေစဉ် မီးတောက်ငြိမ်းသွားပါက ဂက်(စ်) စီးဆင်းမှုကို အလိုအလျောက် ဖြတ်တောက်ပေးနိုင်သည့် Auto Safety System ပါဝင်ကြောင်း၊ 7.5 cm မှ 30 cm အရွယ်အစားအထိ အိုးအမျိုးမျိုးဖြင့် ချက်ပြုတ်နိုင်ပြီး အဆင့်သုံးဆင့်ဖြင့် မီးတောက်ကို လိုသလိုအချိန်ညှိနိုင်သည့် ခလုတ်ပါရှိကြောင်း၊ ဂက်(စ်) စားနှုန်းမှာ တစ်နာရီလျှင် ၁၂ကျပ်သားသာ ကုန်ကျကြောင်း။

ရှင်းလင်းပြောကြား

အသစ်ထပ်မံတင်သွင်းလာသည့် RE-350 Water Heater တွင် Power Consumption မှာ 3500 ဝပ်သာရှိကြောင်း၊ အပူချိန်ကို 40 ဒီဂရီစင်တီဂရိတ်မှ 30 ဒီဂရီစင်တီဂရိတ်အထိ ချိန်ညှိပေးနိုင်ပြီး 60 ဒီဂရီစင်တီဂရိတ်ကျော်လွန်ပါက အလိုအလျောက်ဖြတ်တောက်ပေးသော စနစ်များပါရှိကြောင်း၊ Copper Water Heating Tank ဖြင့် အပူပေးခြင်းဖြစ်၍ ရေကိုလျင်မြန်စွာပူစေပြီး ရေချိုးကပ်၍ ရေပိုက်ပိတ်ခြင်းမှ ကင်းဝေးစေကြောင်း၊ ရေစီးဆင်းမှသာ Heating Tank စတင်အလုပ်လုပ်သည့်အတွက် ကြာရှည်စွာအသုံးပြုနိုင်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ယိုစိမ့်မှုဖြစ်ပါက တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံအချိန်အတွင်း လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ပေးနိုင်သဖြင့် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

Rinnai Gas Appliance များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အမှတ် ၁၉၉၊ ၃၄လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၅၉၀၂၊ ၂၄၆၃၀၄နှင့် ၇၀၈၃၈၂တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ Rinnai မီးဖိုနှင့် အသွော်စုပ်စက်များကို ဝယ်ယူလိုပါက Rinnai Show Room & Service Centre(1) အမှတ် A-3 အထက်ပန်းဆိုးတန်းလမ်း (အောင်ဆန်းကွင်း၊ အရှေ့မြောက်ဘက်တန်း) မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၅၅၄၃နှင့် Show Room (2)အမှတ် 205-A အခန်း(၃) မြေညီထပ် (ယုဇနပလာဇာရှေ့) ဗညားဒလလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၉၉၆တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က အထက(၁)ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းကျောင်းကျန်းမာရေးအဆင့်မြင့် စံပြထူးချွန်ဆု၊ တိုင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလှုပ်ရှားမှု ထူးချွန်ဆု (ဒုတိယဆု)၊ တိုင်းအဆင့် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ တက်ကြွစွာလှုပ်ရှားမှု အကောင်းဆုံးထူးချွန်ဆု၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆု ၁၃၂ဆုရရှိသော အမက(၈)မူလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေအား အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးရှိန်းလိန်းအောင်က ဘက်စုံထူးချွန်ဆုများ ချီးမြှင့်စဉ်။ (၁၂၁)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

Tourist Maps of Myanmar (TMM-24)နှင့် The Map of Bagan (MOB-12) စတင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Design Printing Services Co., Ltd. (D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးကို ၁၉၉၅ ခုနှစ်မှ စတင်ပြီး ထုတ်ဝေလျက်ရှိရာ ယခုအထိစောင်ရေ ၁၇သိန်းခန့် စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။ ယခု ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar (TMM-24) နှင့် The Map of Bagan (MOB-12) တို့ကို အခမဲ့ဖြန့်ချိနေပြီ ဖြစ်သည်။

မွမ်းမံထည့်သွင်း

Tourist Maps of Myanmar (TMM-24) တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံနှင့် ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ The Map of Bagan (MOB-12) တွင် ပုဂံမြို့သစ်မြေပုံ၊ မြို့ဟောင်းမြေပုံ၊ ပုပ္ပါးမြေပုံ၊ ညောင်ဦးမြေပုံနှင့် ပုဂံဘုရားများ၏ တည်နေရာတို့ကို မွမ်းမံထည့်သွင်းထားသည်။ လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ဟိုတယ် စားသောက်ဆိုင်များ၏ တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများပါ ထိုခရီးသွားလမ်းညွှန်မြေပုံများ၏ အကူအညီဖြင့် မြန်မာနိုင်ငံအတွင်းရှိ စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန်သက်သာစွာ လှေ့လာနိုင်မည်ဖြစ်သည်။

ယခုဖြန့်ချိသော Tourist Maps of Myanmar (TMM-24)၊ The Map of Bagan (MOB-12)နှင့် အခြားမြန်မာ့ခရီးသွားလမ်းညွှန်မြေပုံများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးလျက်ရှိပြီး အထူးသဖြင့် မတ် ၁၀ရက်မှ ၁၄ရက်အထိ ဂျာမနီနိုင်ငံဘာလင်မြို့တွင် ကျင်းပမည့် TTB Berlin-2010တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။

အခမဲ့ထုတ်ယူနိုင်

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (အမှတ် ၁၁၈၊ မဟာဗန္ဓုလပန်းခြံလမ်း)တွင်လည်းကောင်း၊ Design Printing Services Co.,Ltd. (D.P.S)တွင်လည်းကောင်း မတ် ၅ရက်မှစ၍ ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဆက်သွယ်မှာယူနိုင်သည့် လိပ်စာမှာ အမှတ်(၁၆၅-၁၆၇) ပထမထပ် ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၉၅-၁၂-၀၄၀၂၀၊ ၂၀၄၂၀၀၊ ၀၉-၅၀၃၀၁၇၇၊ ဖက်စ်- ၉၅-၁-၂၄၅၂၃၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

HIV ပိုးကူးစက်ခြင်းမှ ကာကွယ်တားဆီးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ကျောက်ဆည်၌ဖွင့်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာန နှင့် Unicef တို့ ပူးပေါင်းကျင်းပသော မိခင်မှကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးရေးအတွက် ဆက်သွယ်ရေးပညာပေးရုပ်လုံးကားချပ် အသုံးချခြင်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉ နာရီက မြင်စိုင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာပညာဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိခင်မှကလေးသို့ HIV ပိုး ကူးစက်မှုကာကွယ်တားဆီးရေးစီမံချက်မှ ဒေါက်တာဝေမြင့်က(P.M.C.T) စီမံချက်နှင့်ပတ်သက်၍ အသိပေး ရှင်းလင်းသည်။ ထို့နောက် မန္တလေးတိုင်း ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ တိုင်းအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စိုးက HIV/ AIDS နှင့်ပတ်သက်၍ ပညာပေးရှင်းလင်းပြီး Unicef မှ HIV စီမံချက်အရာရှိ ဒေါက်တာတင်ထွဋ်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ပုသိမ်မြို့နယ် အနောက်ဘက် ရွှေတွင်းတူးကျေးရွာ၌ ဖေဖော်ဝါရီ ၂၁ရက်က ကျင်းပသော မြတ်ဒီပါရုံ လမ်းကွန်ကရစ်ခင်းနိုင်ရေး အလှူငွေပေးအပ်ပွဲတွင် ပုသိမ်မြို့ အမှတ်(၆) အထက တက္ကသိုလ်ဝင်တန်းမှ မဆုဇင်ဇင်စိုးက ပညာရည်ထူးချွန်ဆုရရှိခဲ့သော ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ပုသိမ်မြို့နယ် ဥက္ကဋ္ဌ ဦးပါစည်နှင့် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အေးတို့က လက်ခံယူစဉ်။ (၁၅၇)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အနောက်ပိုင်းရပ်ကွက်တွင် အရှည် ၄၆၅ပေ၊ အကျယ် ၁၂ပေရှိ ရွှေယင်းမာလမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မွေးနေ့ဆုတောင်း

၂၆-၂-၂၀၁၀ရက်တွင် ကျရောက်သော မေမေ ဒေါက်တာဒေါ်ခင်စိန် (သျှီ-ဆေးကုခန်း)၏ (၅၃)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့် အတူ ကျန်းမာပျော်ရွှင်၊ လိုအင်ဆန္ဒပြည့်ဝပါစေလို့ ဆုမွန်ကောင်း တောင်းလျက်-

ခင်ပွန်း - ဦးမြဟန် (E/O) (MV. CLIPPER EMPEROR UNTIEAM)
သမီးကြီး - မအိမွန်ဟန် B.Sc, (Physics) (အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်)
သားလတ် - ရှိန်းသူဟန် (3rd MB IM II)
သမီးငယ် - မြတ်မွန်ဟန် (Grade -VII ,B) အထက(၄) ဗိုလ်တထောင်။

ကျေးဇူးဆပ်ပါမည်
ကျွန်တော်မောင်မြင့်ဌေး၏ PP.N0-764612 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မောင်မြင့်ဌေး C/o ဖုန်း-၀၉-၅၀-၆၈၃၈၀။**



သထုံမြို့ ဘူတာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

သထုံ ဖေဖော်ဝါရီ ၂၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် သိမ်ကုန်းရပ်ကွက် ကတ္တရာထပ်ပိုးလွှာခင်းဘူတာလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါလမ်းမှုခ်ဦး၌ကျင်းပရာ သထုံခရိုင်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** အဆိုပါလမ်းမှာ အလျား ၂၀၂၉ ပေ၊ အနံ ၁၂ပေရှိသည်။

(မြို့နယ်စည်ပင်)



ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အထက (၄)၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မခင်သူဇာအား ကျောင်းအုပ်ဆရာကြီးဦးခင်ဇော်က ရွှေသားလက်စွပ်နှင့် ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။ (၁၂၃)

ထူးချွန်ဆု

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ရန်ကင်းမြို့နယ် ပညာရည်ချွန်နှင့် ဘက်စုံ ထူးချွန်ဆုပေးပွဲ အခမ်းအနားကို အထက (၁) ရန်ကင်း၌ ကျင်းပရာ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ဆုရရှိသူများနှင့် ကျောင်းအုပ်ဆရာကြီး ဦးစိန်သွေးတို့အား တွေ့ရစဉ်။ (၁၇၀)

ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅၃နှင့် ဆက်သွယ်သည့်
၂၀၁၀ခုနှစ် တရားမဇာရီမှုအမှတ်-၅၆

ဦးခင်မောင်တင့်	**နှင့်**	၁။ ဦးတင်ဝင်း ပါ-၃
အမှတ်-၁၃၇(A)၊ သံသုမာလမ်း		၂။ ဦးကျော်သိန်း
၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊		၃။ ဒေါ်တင်နွယ်
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။		အမှတ်-၉၈၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်၉၈နေ တရားရှုံးများ ၁။ ဦးတင်ဝင်း ၂။ ဦးကျော်သိန်း ၃။ ဒေါ်တင်နွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၀၅၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၀ခုနှစ် မတ် ၁၁ရက်(၁၃၇၁ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အေးအေးမူ
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိခြင်း

အာမခံရေးနှင့်အစွန့်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း တွင် အာမခံထားရှိသော ကုန်ပစ္စည်းများတင်ဆောင်ထားသည့် မြတ်သရဖူ ရေယာဉ်သည် ၂၉-၁၂-၂၀၀၉ ရက် မီးလောင်ဆုံးရှုံးမှုတွင်ပါဝင်ဆုံးရှုံးခဲ့သည့် ကုန်ပစ္စည်း အာမခံတန်ဖိုး စုစုပေါင်း ကျပ်- ၇၁. ၃၅ သိန်း ကို အချိန်တိုကာလအတွင်း အာမခံထားရှိသူများထံ နစ်နာဆုံးရှုံးမှုလျော်ကြေးများပေးချေခဲ့သည့် မြန်မာ့အာမခံလုပ်ငန်းအား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါသည်။

- OK Brothers Enterprises Ltd.
- ဦးဟောင်ကျင်ပေါ်
- ဦးဇေယျာလတ်
- ဦးအောင်လွင်
- ဦးအောင်ဝင်း

- Diamond Star Co., Ltd.
- ဦးသိန်းညီ
- ဦးအောင်ကိုကိုလတ်
- ဦးမင်းမြတ်ထွန်း

နွေရာသီ လတပေါင်း

ရွှေဘိုသီရိမာလာ

တပေါင်းလသည် မြန်မာလများတွင် ၁၂လမြောက်ဖြစ်ပြီး တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်၍ ဒုတိယလဝက်သည် နွေရာသီတွင် ကျရောက်သဖြင့် ဆောင်းအကုန် နွေအကူး မင်းလွင်မြူးသည့် သာယာလှသော ရာသီဖြစ်ချေသည်။ တပေါင်းလကို မိန်ရာသီဟု ခေါ်ကြသည်။ ရာသီပွဲတော်သည် သဲပုံစေတီ ပွဲတော်ဖြစ်လေသည်။ သရဖီပန်း၊ အင်ကြင်းပန်းနှင့် ပိတောက်ပန်းကို ရာသီပန်းအဖြစ် သတ်မှတ်ကြသည်။ ဥတ္တရဖလဂုဏ်ဏီ နက္ခတ်ထွန်း၍ နေ့နာရီ ၂၈၊ ညနာရီ ၃၂ရှိ၏။

ဆောင်းတစ်ဝက်၊ နွေတစ်ဝက်တွင်ပါဝင်၍ နေ့အခါတွင် အတော်အသင့်ပူလာပြီဖြစ်သော်လည်း ညချမ်းအခါ၌မူ ဆောင်းရာသီ၏ နှင်းကြွင်းတို့ကျဆဲမို့ ဆောင်းရိပ် ဆောင်းငွေ့မပြယ်သေးဘဲ အေးလျက်ရှိသည်။ ထို့ကြောင့် ရှေးလူကြီးသူမများက "နေ့ပူလို့ညချမ်း တပေါင်းလသရမ်း"၊ "နေ့ပူလို့ညချမ်း တပေါင်းလဆန်း" ဟူ၍ အဆိုပြုခဲ့ကြပေသည်။ လတကာလတွင် တပေါင်းလသည် အလွန်သာယာ လှပေသည်။ စာဆိုတော် သျှင်အုန်းညိုက တပေါင်းလ၏ သာယာပုံကို "သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့် ဆီးနှင်းပကုန်၊ ပူဟုန်မသည်း၊ ပုံ့ပုံ့မည်းသား" ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ထို့ပြင်စာဆိုများက.... "တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနှောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာတွေ၊ ရေလည်းသာလှ၊ ဖြူလွလသောင်ပြင်၊ ငှက်ပေါင်းရှင်လျက်" ဟု ချီးကျူးဖွဲ့ဆိုခဲ့ကြသည်။

နှင်းလွှမ်းပဝါခြုံလျက် ထွက်ပြေးခဲ့ပြီဖြစ်သော ဆောင်းမင်းသမီးအစား နွေ၏စေတမန်အဖြစ် ပုန်းကွယ်ရာမှ ထွက်လာသော ဥဩငှက်ငယ်က ဥဩ ဥဩဟု ကြွေးကြော်လိုက်လေသည်။ သူ၏ သာယာညင်းပျောင်း ချိုတေးသံကား နွေဦးရောက်ပြီဟေ့လို့ ကြွေးကြော်လိုက်သလို ရွက်ဝါတို့သည် လေတွင်ဝေ့ဝိုက်၍ တဖြုတ်ဖြုတ်ကြွေလာပြီး ဩဘာပေးလိုက်ကြသည်။ နွေဦး၏ သဘာဝ ဥဩငှက်၏ တေးချိုသံနှင့် ရွက်ဝါတို့၏ တဖြုတ်ဖြုတ် ကြွေနေပုံသည် ခွဲခြား၍ မရပေ။ ဥဩငှက်၏ တေးသံကို ရွက်ဝါတို့သည် မလွန်ဆန်နိုင်ပါတကား။

အပြင်တွင် မြူခိုးတွေဝေနေသည်။ စာဆိုတော် ရှင်မဟာရဋ္ဌသာရက တပေါင်းလကို စပ်ဆိုရာတွင် "ချိုးငှက်လည်ပြောက်၊ ကျွမ်းဖော်ပျောက်သို့၊ နှုတ်ထောက်ကွန့်မြူး၊ သံပြိုင်ကျူးလျက်၊ တစ်ဦးတိုင်က တစ်ဦးချ၍ ဖိုမလင်းပြာ၊ တွန်သံသာနှင့်" စသည်ဖြင့် ဖွဲ့ဆိုခဲ့သည်။ မြစ်အတွင်း သဲသောင်စပ်တွင် ငှက်အပေါင်းသည် အဖော်စုံညီစွာရောက်နေကြသည်။ ငွေရောင်သင်ဖြူးခင်းထားသော သဲသောင်ပေါ်တွင် ရွှေရောင်တောက်နေသော ဟင်္သာမောင်နှံများ လှလှပပချစ်တင်းနှောနေကြသည်။ ငှင်းပြင် သောင်တင်း၊ ပိန်းညွှင်း၊ ငှက်တော်၊ စင်ရော်၊ မြစ်တွေး၊ ရေကြက်ကလေးတို့လည်း သောင်စပ်သို့ရောက်လာကြသည်။ သူတို့သည် တေးချိုသော ဥဩလို ပုန်းမနေကြပေ။ အစာရှာကြ၊ ရေချိုးကြ၊ အစာခွံ့ကြ၊ လည်ချင်းယှက်၍ ချစ်တင်းနှောနေကြသည်။ ထို့ကြောင့် ရှင်ဥတ္တမကျော်က "သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဘွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့" ဟူ၍ ရေးဖွဲ့ခဲ့သည်။ မြစ်ရေသည် နွေဦးတွင် နည်း၍ ကြည်လင်ကာ မှန်သားရောင်ထပြီး အောက်ခြေကြမ်းပြင် ငါးကလေးနှစ်ကောင် ပြေးနေသည်ကအစ မြင်ရမလောက် ကြည်လင်နေသည်။ တစ်ဖန် စာဆိုသည် မျောက်တို့၏ ကြိုးခွေ ကြိုးခွေ၊ ဒေါင်းတို့၏ အိုးဝေ အိုးဝေဟူသော မြည်သံကို ကြားသောအခါ "နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်က ကြိုးခွေ၊ ဒေါင်း အိုးဝေနှင့် သံခြေကြွေးကြော်၊ ဖိုမခေါ်လျက်" ဟု ဖွဲ့ဆိုထားသည်။ ရွက်ဟောင်းတို့ လေဟုန်စီး၍ ကြွေပြီးသောအခါတွင် မြပရစ်ဖူးညှောက်တို့က အရောင်တပြောင်ပြောင် လှပသာယာနေသည်။ ရွာများတွင် မိုးတွင်းအတွက် ထင်းသယ်သည့် လှည်းများ၊ ဝါးသယ်သည့် လှည်းများ၊ ကောက်ရိုးသက်ငယ်သယ်သည့် လှည်းများအသံက ကျည်ကျည်နှင့် မောင်းနှင်နေသည်။ အဘွားလေး၏ စပါးကြိတ်ထိုးရင်း သီဆိုသော နွေဦးသီချင်းမှာ လွမ်းမောစရာ ကောင်းလှပါသည်။

စောစောက သစ်ကိုင်းခြောက်များလို အကျည်းတန်သော သစ်ပင်များ၌ ရွက်သစ်များ ဝေနေချေပြီ။ ရွက်ဝါတို့ပင်ခြေတွင် စုပုံနေသော်လည်း လေအဝှေ့တွင် နွေတေးကိုဆို၍ လေနောက်သို့ ပါသွားချေပြီ။ လွမ်းဖွယ်မြင်ကွင်းကိုကြည့်ရင်း ဆရာမင်းသုဝဏ်၏ ခါနွေဆန်းတော့ လွမ်းမိတယ် ကဗျာမှ "ဆန်းစခါနွေ၊ သာတပေါင်းမို့ ညာညောင်းကြွေ" ဟူသော စာသားသည် သရုပ်ပေါ်နေသည်။ တပေါင်းပွဲတော်များသည် ကျေးရွာများတွင် ငွေစရှင်ချိန်မို့ စည်ကားလှသည်။ တောင်သူလယ်သမားတို့သည် နွေတွင် နားမနေကြ၊ ဝါးခုတ်သူခုတ်၊ စပါးကျီပြင်သူပြင်၊ ထင်းရှာကြ၊ အိမ်ပြင်ကြ၊ စပါးကြိတ်ထိုးကြဖြင့် အလုပ်ရှုပ်နေကြသည်။ တပေါင်းကို ပုဂံခေတ်ထိုး ကျောက်စာတို့၌ တပေါင်းဟု ရေးခဲ့သည်။ အင်းဝခေတ်၌မူ ဝိသဇ္ဇနီ ရေးထုံးပေါ်လာပြီဖြစ်သဖြင့် ယခုခေတ်ရေးသကဲ့သို့ တပေါင်းဟု ရေးသားခဲ့သည်။ ရှင်ဥတ္တမကျော် စာဖွဲ့ခဲ့ပုံက "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့ ၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား" ဟူ၍ နွေသရုပ်ကို လှလှပပ ဖော်ထုတ်ခဲ့သည်။

ဝန်ကြီးပဒေသရာဇာကလည်း "နွေဦးကာလ၊ မြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ၊ စားနီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး" ဟု ဖွဲ့ဆိုခဲ့သည်။ စာဆိုဦးယာကလည်း ရွက်ဟောင်းအစား မြပုရစ်ဖူးလေးများ ထွက်ပြူလာသည်ကို မြင်၍ စာသလိုက်ပုံက "နွေဦးဆန်းသစ်၊ ရွက်ရော်လုစ်လို့၊ ပုရစ်ကယ်ရွှေ၊ ပင်တိုင်းစုကြသည်၊ နုညိုခင်ငယ်တဲ့လေး" ဟူ၍ သီကုံးခဲ့သည်။

မင်းဇေယျယန္တမိတ်က "ပုရစ်ဖြေခင်၊ တောဝန်းကျင်လည်း၊ မင်းလွင်ရှေးရှု၊ ဦးရရုတည့်၊ မန္တျသင်းကွဲ၊ ပေါက်လဲကင်းငုံ၊ ရစ်စုံလည်ယှက်၊ ကျေးငှက်ပြင်ယံ၊ စုံစုံစံလျက်၊ ရွှေလျှံတောလုံး၊ အိုင်ထုံးမြစ်ခွင်၊ ကြည်စင်မြမြ၊ တပေါင်းလသည်" ဟူ၍ စာပန်းချီခြယ်မှုန်းခဲ့သည်။ အချို့အရပ်တွင် ဖက်ဆွတ်ပန်းကလေးများ ပွင့်လေ့ရှိပြီး တောနယ်တစ်ခွင်တွင် ပီပြင်စွာ မစိမ်းဘဲ ညိုရွှေဝါသန်းနေပုံကို စာဆိုတော်ကြီးနဝဒေးက "ရွှေညှော့နုညီ၊ မြနုစ်စီသို့၊ ပီပီမစိမ်း၊ တောခပ်သိမ်းလည်း၊ ရှိမ်းရှိမ်းလတ်လတ်၊ ပင်လုံးကျွတ်လျှင်၊ ဖက်ဆွတ်ပိတောက်၊ လဲနှင့်ပေါက်တို့၊ ခါရောက်ညီဘိ" ဟူ၍ ရေးဖွဲ့ခဲ့သည်။ စာဆိုရှင် စလေဦးပုညကလည်း "နွေချိန်ခါ၊ ငွေမိလ္လာပြာရီရောပါလို့၊ ဥဩဖိုတွန်သံကြည်တော့၊ သောတာပန်မဟာထေရ်တို့တောင်၊ မဆည်နိုင် မျက်ရည်စို့ရှာလိမ့်၊ အဘိဈာန်ယာဉ်ကြို့ပါလို့၊ နယ်ရှစ်ခွင် မြူခြည်ဆို့တယ်၊ လွမ်းဖို့တပေါင်း" ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ ထို့ပြင် စာဆိုလူဦးမင်းကလည်း "စံပပြင်သိန် သရစ်ပေမို့၊ သိန်သစ်ကယ် ယဉ်ဂုဏ် ကြွေပါဘိ၊ ကြည်းရေသာချိန်" ဟူ၍ တပေါင်းလ၏ သာယာလှပပုံကို စာဖွဲ့ခဲ့ပြန်သည်။ တောင်တွင်းစာဆိုဦးကြော့က "အညှာမှသန္တာလှဲ့လို့၊ ဆာတကျယ့်ပွေလီ၊ ကညာန္တဲ့ကေသီမှာ၊ ရွှေသိင်္ဂီအင်ကြင်း၊ ဖီငွေဝတ် တပေါင်းမိန်တွင်၊ သောင်းဝတီ နတ်တိုင်းကသင်း။ စုံရုဂုံခက် ညာကြွေသည်၊ ရွက်ဝါလေသနှံ့ရှင်း၊ စက်ရာ ဇွေသုံ့ညင်းမှာ၊ ပန်းခပင်းသော်မော်၊ သဲစေတီ တည်သမယပေမို့၊ ကြည်သမျှသည်လမို့နော်" စသည်ဖြင့် ဖွဲ့ဆိုခဲ့သည်။ ဆရာဇော်ဂျီက "ဥဩငှက်မွှန်၊ တွန်ပါပေ့လေး၊ ပုရစ်ကလေးငယ်တို့၊ မြသွေးတစ်ထည်ဆင်နှင့်၊ နွေအဝင် သည်စခန်းမှာ၊ လန်းတော့မည်လေး" ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

ရှေးယခင်က မြတ်စွာဘုရားသခင်အား ဖခင်သုဒ္ဓေါဒနမင်းကြီးက သူ့စံမြန်းရာ ကပိလဝတ်ပြည်တော်သို့ အဖူးမြော်ခံကြွရောက်ရန် ပင့်ဖိတ်ရာ၌ တပေါင်းလရာသီဖြစ်သည့်အတွက် လမ်းခရီး၏ သာယာကြည်နူးဖွယ်ကောင်းပုံကိုပါ ထည့်သွင်းလျှောက်ထားစေခဲ့သည်။ လျှောက်ထားချက်အပြည့်အစုံကို ရှင်ဟန်းစာဆိုရှင်အုန်းညိုက ဂါထာပုဒ်ရေပေါင်း ၆၄ ပုဒ် ဖွဲ့ဆိုမှတ်တမ်းတင်ခဲ့ရာ မှတ်ရလွယ်စေရန် ဂါထာခြောက်ဆယ်ပျို့အဖြစ် ထင်ရှားခဲ့သည်။ "ရွှေနိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည့်မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌" ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက ဖွဲ့ဆို ပန်းချီခြယ်ခဲ့သည်။

တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲဖြစ်သည်။ သဲပုံစေတီပွဲတော်ကား ဗုဒ္ဓဘာသာမှဆင်းသက်လာသည့် မြန်မာယဉ်ကျေးမှုပွဲတော်ဖြစ်၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားလာကာစကပင်ရှိခဲ့သော ပွဲတော်ဟုယူဆရပေသည်။ တောင်သူလယ်သမားတို့သည် မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ကို ရည်ရွယ်၍ သဲပုံစေတီများအား ရိုင်ပါတ်ကို ငါးဆင့်ဆင့်ကာ တည်လေ့ရှိသည်။ ထိုအာလိန်ငါးဆင့်တွင် သန့်စင်သော သဲများဖြင့် အပြည့်သိပ်ပြီးလျှင် တံခွန်ကုက္ကား လှူဖွယ်ပစ္စည်းများဖြင့်ပူဇော်၍ အလှူအတန်းပွဲများ ပြုလုပ်ကြသည်။ ပဒေသရာဇ်ခေတ်ကုန်လွန်သွားပြီးနောက်ပိုင်း သဲပုံစေတီပွဲကျင်းပခြင်းသည် တဖြည်းဖြည်း ပျောက်ကွယ်လာခဲ့သည်။

ရွှေတိဂုံဘုရားပွဲတော် တပေါင်းလ၌ ကျင်းပရခြင်းသည် စေတီတော် စတင်တည်ထားကိုးကွယ်သည်နေ့ကို အစွဲပြု၍အထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပခြင်းဖြစ်သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့် (ဗုဒ္ဓဟူးနေ့)တွင် သိကြားမင်း၊ ဥက္ကလာပမင်းကြီးနှင့် တဖုဿ၊ ဘလ္လိကကုန်သည် ညီနောင်တို့ ကြီးမှူး၍ ရွှေတိဂုံစေတီတော်ကြီးကို တည်သည်ဟု သမိုင်းကဆိုပါသည်။ ရှေးမြန်မာမင်းများ လက်ထက်ကပင် ထင်ရှားသော ပွဲတော်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်က ဘုရားဖူးများသည် အသင်းအဖွဲ့အလိုက် အစုအဝေးနှင့် လှေတစ်တန်၊ ကုန်းတစ်တန်လာကြ၍ ကုန်းတော်ဝန်းကျင် ဇရပ်များ၊ ကျောင်းများ၊ စောင်းတန်းများနှင့် ရင်ပြင်အနှံ့ ဘုရားဖူးများ၊ လှည်းဝိုင်းများ တိုးမပေါက်အောင် စည်ကားခဲ့လေသည်။

ညအခါတွင် အနောက်မှခံ၍ ဇာတ်ရုံပွဲ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသည်။ သီပေါမင်းပါတော်မူပြီး နှစ်နှစ်အကြာတွင် ရန်ကုန်မြို့မှ ထုတ်ဝေသော "ရန်ကုန်ဂေဇက် အပတ်စဉ်သတင်းစာ" မတ်လ ၁၁ရက်ထုတ် သတင်းတစ်ပုဒ်တွင် ရွှေတိဂုံတပေါင်းပွဲတော်သို့ ယခုနှစ်တွင် လာရောက်သူများပြားကြောင်း၊ လွန်ခဲ့သောရက်အနည်းငယ်ကပင် မြို့တွင်း၌ တောဘုရားဖူးများဖြင့် ပြည့်နှက်နေကြောင်း၊ ယင်းတို့အထဲတွင် ရှမ်းလူမျိုးနှင့် ကရင်လူမျိုး အများအပြား ပါဝင်ကြကြောင်း၊ ယမန်နေ့ ရွှေတိဂုံကုန်းတော်ပေါ်တွင် မြင်ရသောရှုခင်းမှာ မျက်စိပသာဒအမြင်တွင် ထူးခြားလှ၍ စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်ကြောင်း၊ အကြောင်းမှာ ဝတ်ကောင်းစားလှမျိုးစုံ ဝတ်ဆင်ထားသော လူတန်းကြီးမှာ မျက်စိတစ်ဆုံးပင်ဖြစ်ကြောင်း စသည်ဖြင့် တပေါင်းပွဲတော်ရှုခင်းကို အသားပေး ဖော်ပြထားသည်ကို တွေ့ရလေသည်။

ခရစ်သက္ကရာဇ် ၁၈၈၂ခုနှစ် ရွှေရိုးအမည်ခံ Sir Seatt ရေးသားထုတ်ဝေသည့် The Burman စာအုပ်၌ "မြန်မာနိုင်ငံတွင် အားလုံးသော ဘုရားပွဲတော်များအနက် ရွှေတိဂုံဘုရားပွဲတော်သည် အကြီးကျယ်ဆုံးဖြစ်သည်။ ဘုရားဖူးများ ပြည့်ကျပ်စည်ကားလှသည်။ မြန်မာနိုင်ငံရှိ အဝေးဆုံးအရပ်ဒေသများမှသာမက ပြည်ပနိုင်ငံများဖြစ်သည့် ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် ကိုရီးယားနိုင်ငံများမှလည်း ဘုရားဖူးဧည့်သည်များပါ လာရောက်ကြသည်" ဟု မှတ်တမ်းပြုထားပေသည်။

တပေါင်းနွေသည် တောတောင်ရေမြေ လယ်တောသစ်ပင်အားလုံး၌ တပေါင်းအလှဖြင့် ပြည့်နေသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက တပေါင်းအလှသည် ပီပြင်သလို ယနေ့ခေတ်အဆက်ဆက်တွင်လည်း ကမ္ဘာနှင့်အမျှ တည်တံ့နေမည့် ထာဝရ တပေါင်းအလှတစ်ပါးဟု ဆိုထိုက်ပေတော့သည်။ ။

ပေါက်ခေါင်းမြို့နယ် စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ကွင်းဆင်းဆွေးနွေး

ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၃

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် စိုင်ဂေါင်းကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၁၀ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းတင့်နှင့်အဖွဲ့သည် ကျေးရွာစာကြည့်တိုက်များ စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ပေါ်လာရေး ဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝမ်းက စာကြည့်တိုက်အတွက် လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဦးစီးမှူးနှင့် အဖွဲ့သည် ဝက်တိုးကျေးရွာနှင့် ကျွဲပေါင်ပင်ကျေးရွာသို့သွားရောက်ကာ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် သက်ဆိုင်ရာကော်မတီများနှင့် တွေ့ဆုံဆွေးနွေးသည်။(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၃ရက်က ရွှေဘိုမူကြိုရင်သွေးငယ်လေးများအား မြို့တွင်း လေ့လာရေးခရီးစဉ်ကို ရွှေဘိုမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ထွေးဦးဆောင်၍ ရွှေဘိုမြို့ပေါ်မှ မဟာအောင်မြေ၊ ရွှေဘိုရတနာ မင်္ဂလာနန်းတော်၊ ရွှေတန်ဆာဘုရား၊ မဟာနန္ဒာကန်တော်နှင့် ရုပ်ပျိုတိုင်းရင်းဆေး(စက်မှုဇုန်)များသို့ လေ့လာရေးခရီးထွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

နွားထိုးကြီး၌ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

နွားထိုးကြီး ဖေဖော်ဝါရီ ၂၁

နွားထိုးကြီးမြို့နယ် ဥက္ကဋ္ဌဦးညဏ်မျိုးသည် မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁ရက်က နွားထိုးကြီးမြို့နယ် ရွှေပြည့်ရင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုကြသည်။

မြို့နယ်ဥက္ကဋ္ဌသည် မန္တလေးတိုင်း အစီအစဉ်နှင့် ငွေကျပ်သိန်း ၃၀၀ အကုန်အကျခံ ဆောက်လုပ်သည့် ရွှေပြည့်ရင် မူလတန်းကျောင်းဆောင်သစ် ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဆောင်သစ် အခြေအနေကို ကွင်းဆင်းကြည့်ရှုခြင်းဖြစ်သည်။ (၀၉၂)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်နေသော အဖျောက်-မိုးကုလားကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ သူရဦးမြင့်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့ စစ်ဆေးကြည့်ရှုစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖေဖော်ဝါရီ ၁ရက်တွင် မြို့တွင်းလမ်းများ မီးလင်းရေးအတွက် ဆိုဒီယမ်မီးသီးများ လဲလှယ်တပ်ဆင်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနောင်နောင်လတ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကံမမြို့အဝင်ဆိုင်းဘုတ်၌ ပန်းအလှပင်များ စိုက်ပျိုးမှုကို ဖေဖော်ဝါရီ ၁၂ရက်က အမှုဆောင်အရာရှိ ဦးသိန်းနိုင်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းဦးနှင့် အဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်ဆိုင်းဘုတ်၌ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းသင်ခြင်း၊ ရေလောင်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကသာ(မြောက်)ဘူတာမှ ဤသို့ ရထားစတင်ပြေးဆွဲခဲ့သည်။
ဓာတ်ပုံမှတ်တမ်း-တင်ထွေး (သတင်းစဉ်)

ကသာ၊ မိုးတားကြီးနှင့် လာခြင်းကောင်းသော နေ့တစ်နေ့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း" ဟူသော လက်ခုပ်သြဘာသံများအဆုံးတွင် အားလုံးသော မျက်ဝန်းအစုံတို့သည် မိုးတားကြီးဘူတာသို့ ခရီးစတင်ထွက်ခွာတော့မည့် ရထားကြီးဆီသို့သာ အာရုံစူးစိုက်၍ ကြည့်နေကြလေသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-တင်ထွေး (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

မီးပို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မြန်မာ့အလင်း

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၂၅

ဒိန်းမတ်နိုင်ငံမှ စတင်းဟွမ်းဘတ်ဟိုးအမည်ရှိ အိမ်ထောင်သည် အမျိုးသမီးတစ်ဦးသည် အသက်(၂၇)နှစ်အရွယ်တွင် အရိုးကင်ဆာဖြစ်ပွားနေ၍ ကလေးမရနိုင်တော့သည့် အခြေအနေသို့ ရောက်ခဲ့ရသည်။

မေးမြန်း

သို့သော် သူသည် ကလေးရရေးအတွက် ဖွဲ့မလျှော့ခဲ့။ သူ၏ ဆရာဝန်များနှင့် တိုင်ပင်ကာ သားအိမ်အစားထိုးပြီး ကလေးယူလျှင် ဖြစ်နိုင်မလားဟု သူက ဆရာဝန်များအား မေးမြန်းကြည့်ခဲ့သည်ဟုဆို၏။ *စာမျက်နှာ ၉ ကော်လံ ၂* ❐